
# တေဇ ရုပ်စုံ

အတွဲ (၃၅)၊ အမှတ် (၇)၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ



ကာတွန်းစိုးပြေ

ကလေးငယ်များအတွက် ပညာလည်းပေး၊ ဗဟုသုတလည်းရ၊
ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့ မိုးသောက်ပန်းဂျာနယ်ကို
ဂျာနယ်လက်ခံရရှိမှ ငွေပေးချေစနစ်ဖြင့် မှာယူဖတ်ရှုနိုင်ပါပြီ။





ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ မြဝတီမိဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၄၅၂၂၆၀၅၃၆(စာတည်း)၊
၀၉၄၂၁၀၆၇၄၁၀(အွန်လိုင်းဖြန့်ချိရေး)။



# မာတိကာ


| | | |
|---|---|---|
| တောင်တွင်းမောင်သင်းကျော် | ဖမ်းတိုင်းထောင်လိုနေပါ | ၂ |
| ထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်) | သူဌေးကြီးရဲ့အကြံအစည် | ၃ |
| မောင်သက်ဟန် | သစ်ပင်ကုန်းရွာမှအပြန် | ၉ |
| ရေနံ့သာမောင်ကျော်ညွှန့် | ဗုံကာနိုတယ်ဆိုတာ | ၁၄ |
| မောင်မျော်(ပေတစ်ပင်) | အဖိုးလှယ်သဲဖောင်လိုက်တစ်ဝမ်း တင်းလှတ်နိုင်ကြပါစေ | ၁၆ |
| မင်းကောင်းကို | ဈေးရောင်းပွဲ | ၁၉ |
| ဇော်မြင့်နို | တေဇတို့ရွတ်ဆိုမို့ သဘာဝဗဟိဝန်းကျင် ချစ်ဖွယ်ကဗျာများ(၄) | ၂၅ |
| တင်လင်းဇော် | မြန်မာ့ဝေါဟာရတာများများ | ၂၇ |
| မမှုးမှုး | သင်္ချာညှက်ရည် | ၂၈ |
| မအင်ကြင်းမေ | ကျေးလက်ညနေခင်း | ၂၉ |
| နောင်တေဇ | ဇော်ပါလမ်း | ၃၂ |
| ဒေါက်တာသန့်စင် (ရူပဗေဒ) | လျှပ်စစ်အမှုန်(Electric Charge) အကြောင်း သိကောင်းစရာ | ၃၃ |
| သန့်ထူရ | ဥရောပတောလုံးလောကမှာ တောက်ပနေတဲ့ မြန်မာနိုင်ငံသူ ဒေါက်တာကိုင်ဝင်း(Kai Win) | ၃၆ |
| မြရတီ(ဒဿနိကာ) | ဂျူလေးရဲ့ဖန်းဆီးပင် | ၃၇ |
| အောင်အောင်ထွေး | ရှားအချစ်တော် မောင်လက်ရှည် | ၄၀ |
| ဗွေး | ရှာမယ်၊ ကြည့်မယ် | အချပ်ပို(၁) |
| TTL | တိတိလေးနဲ့ပုံဆွဲမယ် | အချပ်ပို(၂) |
| တေဇချက်နှစ်ဖုံး | ဗိုဓမြ | |



တေဇရှင်စိုးအသိစိတ်ဟာအဖွဲ့
မိုးကောင်းလမ်း၊
မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း ၀၉၄၀၃၂၅၈၄၅၁(စာတည်း)
၀၉၇၂၄၉၈၈၇၂၄(ဖြန့်ချိရေး)
Email-tayzabooklet99@gmail.com
ပုံနှိပ်သူမှတ်ပုံတင်အမှတ်-၀၀၆၅၆
ထုတ်ဝေသူမှတ်ပုံတင်အမှတ်
၀၀၈၁၃



စာတည်းမှူးချုပ်
နေနိုင်သူ
ဒုတိယစာတည်းမှူးချုပ်
မြင့်နိုင်
စာတည်းမှူး
ဇော်သိန်းဝင်း
တာဝန်ခံစာတည်း
ပုလောစိုးနဲ့သာ
လက်ထောက်စာတည်း
ကြူကြူ၊ ပေမြွှဲ့မိုးအောင်
စာစီနှင့်ဒီဇိုင်း
ကြူကြူ
စာပြင်
မာမာစိုး၊ အိအိကျော်
design yin htwe






# ပစ်တိုင်းထောင်လိုနေပါ

အရုပ်ကလေး ပစ်တိုင်းထောင်
ဘယ်လိုပစ်ပစ် အမြဲထောင်။
ဦးခေါင်းထောင် ရင်ကိုမတ်
ပြုံးပြုံးကလေးရပ်။
သူ့လိုသတ္တိ မွေးကြလေ
လဲရင် ထနိုင်ပေ။
ကြံ့ခိုင်နေ အမြဲလန်း
ကိုယ်ပိုင် သူ့အစွမ်း။ ။

တောင်တွင်းမောင်သင်းကျော်





သူဌေးကြီးရဲ့
အကြံအစည်
ဇာတ်လမ်း၊ မောင်ပေါ်လူ
သရုပ်ဖော်။
The rich man's plan
Story: Maung Paw Lu
Illustration: Tun Tun Win
(Yangon University)
Tr: BMK
တစ်ခါတုန်းက မြို့တစ်မြို့မှာ ချမ်းသာကြွယ်ဝတဲ့ ဦးဘောဂဆိုတဲ့ကုန်သည်ကြီးတစ်ယောက်ရှိတယ်...
Once upon a time, there was a rich merchant called U Baw Ga in a town.
သူ့မှာ မောင်စ၊ မောင်မြနဲ့ မောင်ညဆိုတဲ့သားသုံးယောက်ရှိတယ်...
He had three sons, Maung Sa, Maung Mya and Maung Nya.


ဦးဘောဂဟာသူအသက်ကြီးလာတဲ့အခါမှာသူ့ရဲ့လုပ်ငန်းတွေကို သားသုံးယောက်ကိုလွှဲပေးဖို့စဉ်းစားနေတယ်...
When U Baw Ga came of age, he thought that he let his sons lead to his business.
အင်း...ငါ့ရဲ့လုပ်ငန်းတွေသားတွေလက်ထက်မှာတိုးပွားလာရမယ်...
"My business will have to improve in the time of my sons."
ပျက်စီးသွားလို့မဖြစ်ဘူး...
"I don't let them destroy."
တစ်နေ့တော့ ဦးဘောဂက သားတွေကို ခေါ်လိုက်ပြီး...
One day, U Baw Ga called his sons,
သားတို့...မင်းတို့ထဲက သင့်တော်တဲ့သူ တစ်ယောက်ကိုဖေဖေ့ရဲ့လုပ်ငန်းတွေ ကိုဦးဆောင်ခိုင်းချင်တယ်...
"Sons, I want one of you lead my business."


တစ်ယောက်ကဦးဆောင်တာကို ကျန်တဲ့နှစ်ယောက်ကလက်ခံ ရမယ်...
"If one leads, the other two must accept."
ဖေဖေကောင်းသလို စီစဉ်ပါ...
"You can do as you like."
ဦးဘောဂကသားသုံးယောက်ကို ပိုက်ဆံဒင်္ဂါးတစ်ပြားစီပေးလိုက်ပြီး...
U Baw Ga gave his sons a coin each.
မင်းတို့ဒင်္ဂါးတစ်ပြားကိုသုံးပြီး တော့ဖေဖေ့ရဲ့စတိုခန်းပြည့် အောင်ပစ္စည်းတွေဝယ်ထည့်ရ မယ်...
"You must use this coin and fill my storeroom with the things."
သားသုံးယောက်ဟာဒင်္ဂါးတစ်ပြားစီ ကိုယူပြီး အသီးသီးထွက်သွားကြ တယ်...
The three sons took the coin each and left respectively.
အရင်ဆုံးပြန်ရောက်သူကမောင်စ ပဲဖြစ်တယ်...
The first person who came back is Maung Sa.
ဖေဖေ သားဒင်္ဂါးတစ်ပြားနဲ့ သား ငှက်မွေးတွေဝယ်လာတယ်...
"Father, I bought some feathers with a coin."


မောင်စဟာအခန်းထဲကိုငှက်မွေး တွေထည့်လိုက်တယ်...
Maung Sa put the feathers in the room.
ငှက်မွေးတွေကအစပိုင်းမှာတော့ အခန်းထဲပျံ့သွားပေမဲ့နောက် ကျတော့အောက်ခြေမှာပြန့်ကျဲ လာလို့အခန်းကိုမပြည့်နိုင်ဘူး...
Firstly, the feathers were flying in the room and as were scattered on the bottom, they could not fill the room.
ဟာ...သွားပါပြီ...
"Ha!...gone."
ခဏနေတော့မောင်မြရောက်လာ ပြီး...
After some time, Maung Mya came back.
သားက လဲမှို့တွေဝယ် လာခဲ့တယ်...
"I bought silk cotton."
မောင်မြကလဲမှို့တွေကိုအခန်းထဲ လွှင့်လိုက်တာလဲမှို့တွေဟာအခန်း ထဲမှာပျံ့နှံ့သွားတယ်...
When Maung Mya threw the silk cotton in the room, they were flying up.
ဒါပေမဲ့မကြာခင်မှာပဲအောက် ဘက်မှာပျံ့နှံ့ကျလာတယ်...
But they fell down on the bottom.
မင်းလဲအခန်းကိုပြည့်အောင် မပြည့်နိုင်ဘူး...
"You can't also fill the room."


နောက်ဆုံးမှပြန်ရောက်လာတာကတော့ မောင်ညာပဲဖြစ်တယ်...
The last one who came back was Maung Nya.
ဖေဖေပေးတဲ့ဒင်္ဂါးတစ်ပြားနဲ့ သား ဖယောင်းတိုင်တွေကိုဝယ်ခဲ့ပါတယ်...
"I bought some candles with the coin you gave."
မောင်ညာဟာသူဝယ်လာတဲ့ဖယောင်းတိုင်တွေကိုမီးထွန်းညှိလိုက်တဲ့ အခါမှာစတိုခန်းထဲမှာဖယောင်းတိုင်ရဲ့အလင်းရောင်တွေနဲ့ပြည့်သွားတယ်...
When Maung Nya lit the candles, the storeroom was filled with the light of the candles.


ဖေဖေကျွန်တော်ဖေဖေ့ဒင်္ဂါးတစ်ပြားနဲ့စတိုခန်းကြီးအလင်းရောင်တွေပြည့်အောင်ဖြည့်လိုက်ပြီးပါပြီ...
"Father, I've filled your storeroom with the light of the candles using your coin."
ဦးဘောဂကသားငယ်မောင်ညာကို ချီးကျူးတယ်...
U Baw Ga praised his youngest son, Maung Nya.
မောင်ညာမင်းကပညာရှိသူပဲ၊ ဖေဖေ့ရဲ့လုပ်ငန်းတွေမင်းကို ပဲဦးစီးခိုင်းတော့မယ်...
"Maung Nya, you are a wise person. I let you lead my business."
ဦးဘောဂက သူ့ရဲ့လုပ်ငန်းတွေကို သားအငယ်ဆုံးဖြစ်တဲ့မောင်ညာကို ဦးစီးစေတော့တယ်...
U Baw Ga made Maung Nya lead his business.
မောင်စနဲ့မောင်မြတို့ကလဲ မနာလိုမဖြစ်ဘဲကြည်ကြည်ဖြူဖြူလက်ခံကြလို့သူတို့ လုပ်ငန်းတွေဟာပိုပြီးတော့ အောင်မြင်လာတော့တယ်...
Maung Sa and Maung Mya were not selfish and accepted it willingly and so their business became more prosperous.

တေဇဝတ္ထုတို

# သစ်ပင်ကုန်းရွာမှအပြန်

မောင်သက်ဟန်



ထွန်းလင်းနှင့်ကျော်မင်းတို့သည် သတ္တမတန်းကျောင်းသားလေးများဖြစ်ကြသည်။ သူတို့သည် ညီအစ်ကိုတစ်ဝမ်းကွဲများဖြစ်ပြီး တံတားမြို့တွင် နေထိုင်ကြသည်။ ထွန်းလင်း၏အဖေ ဦးအောင်စိုးနှင့် ကျော်မင်း၏အဖေ ဦးမောင်မျိုးတို့သည် ညီအစ်ကိုအရင်းများဖြစ်သည်။ သူတို့နှစ်ဦး၏အိမ်များကလည်း မျက်နှာချင်းဆိုင်တွင် တည်ရှိသည်။

သီတင်းကျွတ် ကျောင်းပိတ်ရက်အတွင်းတွင် ထွန်းလင်းတို့အိမ်မှာ မုန့်ဟင်းခါးချက်စားကြသည်။

ကျော်မင်းတို့အိမ်သားများအတွက်ပါ မုန့်ဟင်းခါးပိုချက်ကြသည်။ ထွန်းလင်း၏အမေ ဒေါ်ခင်ခင်က ပြောသည်။

"သားရေ ... သားရဲ့အဘွားကို မုန့်ဟင်းခါးပို့ချင်တယ်၊ သူက အမေချက်တဲ့လက်ရာကို သိပ်ကြိုက်တာ"

"သားနဲ့ကျော်မင်း သွားပို့ပေးမယ် အမေ"ဟု ထွန်းလင်းက ပြောလိုက်သည်။

ဒေါ်ခင်ခင်၏အမေ၊ ထွန်းလင်း၏အဘွား ဒေါ်ရွှေမြင့်သည် တံတားမြို့၏တောင်ဘက်တွင်ရှိသော သစ်ပင်ကုန်းရွာတွင် နေထိုင်သည်။ အဘိုးဖြစ်သူ ဦးလှငွေကတော့ဆုံးပါးသွားခဲ့ပြီ။ ဒေါ်ရွှေ မြင့်က ဒေါ်ခင်ခင်၏ညီမ ဒေါ်တင်တင်နှင့်အတူနေထိုင်သည်။

ထွန်းလင်းက ကျော်မင်းကို အဖော်ခေါ်လိုက်သည်။

"ကျော်မင်းရေ...သစ်ပင်ကုန်းရွာက ငါ့အဘွားဆီကိုသွားပြီး မုန့်ဟင်းခါးသွားပို့ချင်လို့ကွာ မင်း

အဖော်လိုက်ခဲ့ပါလား"

"လိုက်ခဲ့မယ်လေ၊ ငါလဲ အားနေတာပဲ"ဟု ကျော်မင်းက ပြန်ပြောသည်။

ဒေါ်ခင်ခင်က ထွန်းလင်းကို လက်ကိုင်ဖုန်းတစ်လုံးပေးလိုက်သည်။ ထိုဖုန်းက လိုရမည်ရ အပိုထားသော ဖုန်းတစ်လုံးဖြစ်သည်။

"သား ဟိုရောက်ရင် အမေ့ကို ဖုန်းပြန်ဆက်နော်"

"ဟုတ်ကဲ့ အမေ"

ဒေါ်ခင်ခင်သည် နာရီကို ကြည့်လိုက်တော့ ညနေသုံးနာရီထိုးနေပြီ။

"သားတို့နှစ်ယောက် မမှောင်ခင်ပြန်လာခဲ့နော်"ဟု သတိပေးလိုက်သေးသည်။

ထို့နောက် သူတို့နှစ်ယောက်သည် မုန့်ဟင်းခါးလေးဆင့်ချိုင့်ကြီးကို တစ်ယောက်တစ်လှည့်စီဆွဲရင်း သစ်ပင်ကုန်းရွာသို့ ထွက်ခွာခဲ့ကြသည်။ သစ်ပင်ကုန်းရွာသို့သွားရာလမ်းသည် ဆောင်းရာသီအလယ်သို့ရောက်လျှင် ဆိုင်ကယ်လမ်းများ၊ စက်ဘီးလမ်းများ ပေါ်ပေါက်လာပြီဖြစ်သည်။ သို့သော် အခုလို အောက်တိုဘာလအတွင်းတွင် ထိုလမ်းများမပေါ်သေးပေ။ မြေကြီးများထိပ်တင်းပြီး လမ်းလျှောက်၍ရသည့် အဆင့်ပဲရှိသေးသည်။ တံတားမြို့နှင့် သစ်ပင်ကုန်းရွာသည် လမ်းလျှောက်လျှင် မိနစ်ပိုင်းမျှသာကြာသည်။ သို့သော် သူတို့နှစ်ယောက်သည် စကားတပြောပြောနှင့် လမ်းလျှောက်လိုက်၊ နားလိုက်နှင့်သွားသဖြင့် လိုအပ်သည်ထက် အချိန်ပိုကြာသွားသည်။ ညနေသုံးနာရီထိုး အိမ်ကထွက်ခဲ့သော်လည်း သစ်ပင်ကုန်းရွာသို့ရောက်သောအခါ လေးနာရီကျော်သွားသည်။ အဘွား ဒေါ်ရွှေမြင့်အိမ်သို့ရောက်သောအခါ ခြံပေါက်ဝကတည်းက ထွန်းလင်းက အသံပေးလိုက်သည်။

"အဘွားရေ... အဘွား သားတို့ မုန့်ဟင်းခါးလာပို့တယ်"

"ဩော်...ထွန်းလင်းတို့ပါလား၊ ကျော်မင်းလဲ ပါလာတာကိုးကွဲ့"

"ဟုတ်တယ် အဘွား၊ သားတို့ကို အမေက မုန့်ဟင်းခါးလာပို့ခိုင်းလို့"

"အေးအေး...ငါ့မြေးတွေကို မုန့်ဖိုးပေးရမှာပေါ့"

ဒေါ်ရွှေမြင့်က သူတို့နှစ်ယောက်အား တစ်ယောက်ကို ပိုက်ဆံတစ်ထောင်စီ မုန့်ဖိုးပေးလိုက်သည်။ ထွန်းလင်း၏အဒေါ် ဒေါ်တင်တင်ကပါ တစ်ယောက်ကိုငါးရာစီ မုန့်ဖိုးထပ်ပေးလိုက်သဖြင့် တစ်ယောက်ကို တစ်ထောင့်ငါးရာစီရရှိသွားကြသည်။ သီတင်းကျွတ်လတွင် ဒေါ်ရွှေမြင့်၏ ခြံထဲရှိ မာလကာပင်များ၌ မာလကာသီးများ ပြိုင်တူပွနေပြီဖြစ်သည်။ ထွန်းလင်းက–

"အဘွားရေ ... သားတို့ မာလကာသီးတွေ ခူးလိုက်အုံးမယ်နော်"

"ခူးလေသားတို့ရဲ့၊ သိပ်လဲ မကြာစေနဲ့၊ အိမ်ပြန်ချိန် နောက်ကျနေအုံးမယ်"

ထို့နောက်မှာ သူတို့သည် မာလကာပင်များပေါ်သို့တက်၍ မာလကာသီးများကို ခူးစားကြသည်။ ထွန်းလင်းက ကျော်မင်းကို လှမ်းပြောသည်။

"ကျော်မင်းရေ...မှည့်တာတွေ မကြိုက်ဘူးကွ၊ လိပ်ပြာစုပ်ပြီးသားတွေချည်းပဲ"

"အေး...ဟုတ်တယ်၊ ငါပွတာတွေပဲရွေးခူးတယ်"ဟု ကျော်မင်းက ပြန်ပြောလိုက်သည်။

သူတို့နှစ်ဦးသည် တစ်ပင်ပြီးတစ်ပင် တက်လိုက်ဆင်းလိုက်လုပ်ရင်း မာလကာသီးများခူးကြရာ အချိန်တော်တော်ကြာသွားသည်။ ဒေါ်တင်တင်က လှမ်းသတိပေးသည်။

"ထွန်းလင်းတို့ ညနေငါးနာရီထိုးတော့မယ်နော်၊ အိမ်ပြန်တာ နောက်ကျလိမ့်မယ်"

ထို့နောက် မာလကာသီးများကို မုန့်ဟင်းခါးထည့်ယူလာသော လေးဆင့်ချိုင့်ထဲမှာ ထည့်လိုက်ပြီး တံတားမြို့သို့ယူသွားရန် ဆုံးဖြတ်လိုက်ကြသည်။ ထွန်းလင်းက ဒေါ်တင်တင်ကိုပြောလိုက်သည်။

"ဒေါ်လေးရေ ... သားတို့ မာလကာသီးတွေ ယူသွားမယ်နော်"

"ယူသွားလေ သားတို့"ဟု ဒေါ်တင်တင်က ပြန်ပြောသည်။

သူတို့သည် ဒေါ်ရွှေမြင့်နှင့် ဒေါ်တင်တင်တို့ကို နှုတ်ဆက်ပြီး သစ်ပင်ကုန်းရွာမှ ပြန်ခဲ့ကြသည်။ လေးဆင့်ချိုင့်ကို တစ်ယောက်တစ်လှည့်စီဆွဲကြရင်း တံတားမြို့သို့ရောက်မှ မာလကာသီးများကို ခွဲ

ယူကြမည်ဖြစ်သည်။ သစ်ပင်ကုန်းရွာမှထွက်ခွာပြီး ဆယ်မိနစ်ခန့်ခရီး ပေါက်ပြီးမှ ကျော်မင်းက သတိရလိုက်သည်။

"ထွန်းလင်း မင်းကို မင်းအမေ ဖုန်းဆက်ခိုင်းထားတယ်မဟုတ်လား"

ကျော်မင်း သတိပေးလိုက်တော့မှ ထွန်းလင်း သတိရသွားသည်။

"ဟာ...ဟုတ်တာပေါ့၊ ဖုန်းက အဘွားအိမ်မှာ ကျန်ခဲ့ပြီ၊ အိမ်ပြန်ရောက်ရင်တော့ အမေဆူတော့မှာပဲ"ဟု ထွန်းလင်းက ညည်းတွားလိုက်သည်။

"မင်း ဖုန်းပြန်ယူမလား"

"မယူတော့ပါဘူးကွာ၊ ဖုန်းပြန်ယူရင် ပိုပြီးတော့ မိုးချုပ်သွားလိမ့်မယ်"

သူတို့သည် မိနစ်နှစ်ဆယ်ခန့် လမ်းလျှောက်ပြီးသောအခါ မိုးကောင်းကင်တွင် မိုးရိပ်မိုးသားများ အုံ့ဆိုင်းလာသည်။ လေတွေကလည်း မိုးမရွာခင် ရှေ့ပြေးအနေဖြင့် ကြိုတင်တိုက်ခတ်နေပြီ။

"ကျော်မင်းရေ... မိုးရွာတော့မယ်နဲ့တူတယ်"

"အေးကွ...ရွာရင်လဲ ရွှဲမှာပဲ၊ မင်းရောငါရော ထီးမှမပါတာ"

သူတို့နှစ်ဦး စကားပြော၍ မဆုံးခင်မှာပင် မိုးက သဲကြီးမဲကြီး ရွာသွန်းတော့သည်။ လေကလည်း ပြင်းထန်လာသည်။ မိုးထဲလေထဲ လမ်းလျှောက်ရသဖြင့် ခရီးမတွင်ပေ။ ထိုစဉ်-

"အမယ်လေး...နာလိုက်တာကွ"ဟု ကျော်မင်းက အော်ဟစ်လိုက်သည်။

"ဘာ...ဘာဖြစ်တာလဲ"ဟု ထွန်းလင်းက စိုးရိမ်စိတ်ဖြင့် မေးလိုက်သည်။

"ခြေထောက်ကို ဆူးစူးတာကွ၊ ဆူးက တော်တော်ကြီးတယ်၊ ဖိနပ်တောင်ပေါက်သွားတယ်၊ သွေးတွေလဲထွက်ပြီနဲ့တူတယ်"ဟု ကျော်မင်းက ညည်းတွားနေသည်။

"ဟာ...ဒါဆိုရင် တို့တွေ အလယ်ဇရပ်ကို အရင်ဆုံးရောက်အောင် သွားမှဖြစ်မယ်"

"အေး...ဟုတ်တယ်၊ အလယ်ဇရပ်ရောက်မှပဲ ငါ့ခြေထောက်ကို ပြန်ကြည့်ရမယ်"

မိုးက အရှိန်နည်းနည်းကျသွားသော်လည်း မစဲသေးပေ။ တဖြောက်ဖြောက်နှင့် ပုံမှန်ဆက်လက်ရွာသွန်းနေသည်။ ထွန်းလင်းသည် ကျော်မင်းကိုကူတွဲ၍ အလယ်ဇရပ်ရှိရာသို့ လျှောက်လာခဲ့သည်။ လက်တစ်ဖက်တွင်လည်း မာလကာသီးများထည့်ထားသော လေးဆင့်ချိုင့်ကို ကိုင်ထားရသေးသည်။ အလယ်ဇရပ်သည် တံတားမြို့နှင့် သစ်ပင်ကုန်းရွာအကြားတွင်တည်ရှိသော သစ်သားဇရပ်တစ်ခုဖြစ်သည်။ ခရီးသွားများ၊ ဈေးသည်များ ခဏနားခိုသောဇရပ်တစ်ဆောင်လည်းဖြစ်သည်။ အလယ်ဇရပ်သို့ သူတို့ရောက်သည်အထိ မိုးကမစဲသေးပေ။

ကျော်မင်းသည် စိတ်အားတင်း၍သာ အလယ်ဇရပ်အထိ လျှောက်လာရသည်။ အလယ်ဇရပ်ပေါ်သို့ရောက်သောအခါ သူသည် စိတ်လျှော့လိုက်သည်။

"ငါ့ခြေထောက်က နာလိုက်တာကွာ၊ ငါလမ်းဆက်မလျှောက်နိုင်တော့ဘူး၊ ဘယ်လိုလုပ်ကြရင်ကောင်းမလဲ"

ထွန်းလင်းသည် ကျော်မင်းကို ဘာပြန်ပြောရမှန်းမသိဖြစ်နေသည်။ ထိုစဉ် သူသည် အလယ်ဇရပ်ဆီသို့ ဦးတည်လာနေသည့် ခပ်လှမ်းလှမ်းက လူနှစ်ယောက်ကို မြင်လိုက်ရသည်။

"ကျော်မင်း ဟိုမှာ လူနှစ်ယောက်တော့ လာနေတယ်ကွ၊ လူကောင်းတွေလားမသိ၊ လူဆိုးတွေလားမသိ"

"မင်းကလဲကွာ လူဆိုးမဖြစ်နိုင်ပါဘူး၊ ငါလမ်းမလျှောက်နိုင်တာကို သူတို့ကို အကူအညီတောင်းရင် ကောင်းမလား"

"နေအုံး၊ မင်းနဲ့ငါနဲ့ ဇရပ်အတွင်းဘက် မှောင်ရိပ်ထဲကိုသွားကြမယ်၊ သူတို့ပြောစကားကို နားထောင်ပြီးမှ လူကောင်းလူဆိုးမှန်း သိရတာပေါ့"

ထို့နောက် ထွန်းလင်းနှင့် ကျော်မင်းတို့သည် အလယ်ဇရပ်၏ အတွင်းဘက်သို့ ရွှေ့နေကြသည်။ ဇရပ်၏အတွင်းဘက်သည် မှောင်မည်းနေပြီး ကြမ်းပေါက်များကလည်း ရှိသေးသည်။ တချို့ကြမ်းပေါက်များက လူတစ်ကိုယ်စာလောက် ရှိသည်။ သူတို့ အတွင်းဘက်သို့

ရောက်သွားသောအခါ ဇရပ်ပေါ်သို့ လူနှစ်ယောက်တက်လာပြီ။ လူတစ်ယောက်၏ စကားသံထွက်ပေါ်လာသည်။ ထွန်းလင်းတို့သည် အသံလုံးဝမပေးဘဲ ငြိမ်သက်စွာ နားထောင်နေကြသည်။

"ဒီမိုးကလဲ ကောင်းလိုက်တာကွာ၊ အချိန်အခါမဟုတ် မိုးဒီလောက်ရွာနေရင် ကိုမင်းစိန်လာမှလာပါ့မလား"

"လာမှာပါကွာ... ဒီလူက သေချာပါတယ်၊ တွေ့ရင်တာ လက်ဦးမှုယူရမှာ"

ကိုမင်းစိန်ဆိုသောအသံကို ကြားလိုက်ရသဖြင့် ထွန်းလင်း အံ့အားသင့်သွားသည်။ ကိုမင်းစိန်သည် ထွန်းလင်းအဖေ၏မိတ်ဆွေတစ်ဦး ဖြစ်သည်။ ကိုမင်းစိန်သည် သစ်ပင်စုကျေးရွာတွင် နေထိုင်သည်။

"အသက်အန္တရာယ်ရှိတဲ့အထိတော့ မလုပ်ပါနဲ့ကွာ၊ မေ့လောက်တဲ့အထိပဲလုပ်ပါ အေးဆောင်ရာ"

"အေးပါ ကျော်သောင်းရ"

သူတို့နှစ်ယောက်စကားများအရ အေးဆောင်နှင့်ကျော်သောင်းဆိုသောသူများဖြစ်ကြောင်း သိလိုက်ရသည်။ ထိုသူများသည် တံတားမြို့က သူများဖြစ်ပြီး အချုပ်ထဲ ခဏခဏရောက်သူများအဖြစ် နာမည်ကြီးသည်။

"ကျော်သောင်းရာ ငါလဲ နို့မို့ဆို မကြံပါဘူး၊ အခု ဖဲရှုံးလို့ကွ၊ မင်းလဲ လောင်းကစားတွေရှုံးတာ ငါသိတယ်"

"တစ်ယောက်တစ်ဝက်ပေါ့"

"ဖုန်းလာပြီဟေ့...ငါကိုင်လိုက်အုံးမယ်"ဟု အေးဆောင်က ပြောသည်။

"ဟုတ်လား၊ အေးအေး... ကျေးဇူးပဲကွာ"ဟု အေးဆောင် ပြန်ပြောသံကို ကြားနေရသည်။ ဘာပြောမှန်းမသိ။

"ကျော်သောင်းရေ...ကိုမင်းစိန် ဆောင်းဦးပန်း စားသောက်ဆိုင်ထဲက ထွက်လာပြီတဲ့၊ သူ့ကိုစောင့်ကြည့်ခိုင်းထားတဲ့ ငါ့ဘော်ဒါက လှမ်းဆက်တာ၊ နောက် မိနစ်နှစ်ဆယ်လောက်ဆို ရောက်လာတော့မှာ"

ထွန်းလင်းနှင့် ကျော်မင်းတို့သည် သူတို့ပြောစကားများကို နားထောင်ရင်း သဘောပေါက်သွားပြီ။ သူတို့က ကိုမင်းစိန် အလယ်ဇရပ်ရှေ့သို့အရောက်တွင် ရိုက်ပြီး လုမှာဖြစ်သည်။

မိုးသံလေသံများက ဇရပ်၏ ခေါင်မိုးအပေါ်သို့ ကျနေချိန်တွင် ထွန်းလင်းသည် ကျော်မင်းကို တီးတိုးကပ်ပြောလိုက်သည်။

"ငါ ကြမ်းပေါက်ကနေခုန်ဆင်းပြီး ဦးမင်းစိန်ကို အကြောင်းကြားချင်တယ်၊ မင်းတစ်ယောက်တည်းနေခဲ့လို့ဖြစ်ပါ့မလား"

ကျော်မင်းက ပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ ထွန်းလင်းသည် ဇရပ်၏ တစ်ကိုယ်စာကြမ်းပေါက်ကနေတစ်ဆင့် အောက်ဘက်သို့ ဆင်းလိုက်သည်။ ထို့နောက် ဇရပ်ဘေးမှနေ၍ တာလမ်းမအပေါ်သို့ တက်လိုက်သည်။ မိုးထဲလေထဲတွင် တံတားမြို့ဘက်သို့ ပြေးလွှားတော့သည်။

တံတားမြို့အဝင်ဝတွင် ရဲစခန်းရှိသည်။ ရဲစခန်းရှေ့မှာပင် ကိုမင်းစိန်ကို တွေ့လိုက်ရသဖြင့် သူတော်တော်ဝမ်းသာသွားသည်။ ထိုအချိန်တွင် မိုးကလည်း စဲသွားပြီ။

"ဦးလေး...ဦးလေး"ဟု မောကြီးပန်းကြီးခေါ်လိုက်သည်။

ကိုမင်းစိန်သည် ထွန်းလင်းကို သေချာစွာကြည့်လိုက်ရင်း–

"မင်း ကိုအောင်စိုးရဲ့သား ထွန်းလင်းမဟုတ်လား၊ ဘယ်လိုဖြစ်လို့ မိုးရေထဲမှာ လျှောက်ပြေးနေရတာလဲ မိုးတောင်ချုပ်နေပြီ"ဟု အံ့သြစွာပြောလိုက်သည်။

ထိုအခါ ထွန်းလင်းသည် အလယ်ဇရပ်၌ သူကြားခဲ့သည့် စကားများကို ကိုမင်းစိန်အား ပြန်ပြောပြလိုက်သည်။ ကိုမင်းစိန်သည် ထိတ်လန့်တုန်လှုပ်သွားသည်။

"ကျေးဇူးတင်လိုက်တာ ငါ့တူရာ၊ မင်းသာမပြောရင် ဦးလေး အရိုက်ခံရမှာ"

ထို့နောက် သူတို့နှစ်ယောက်သည် တံတားမြို့မရဲစခန်းသို့ဝင်လိုက်ကြသည်။ ထွန်းလင်းသည် သူကြားခဲ့သောစကားများကို စခန်းမှူးအား သေချာရှင်းပြလိုက်သည်။ စခန်းမှူးက နားထောင်ပြီး နယ်ထိန်းဆရာကြီးကျော်ခိုင်နှင့်အတူ ရဲသားနှစ်ယောက်ကို ထည့်ပေးလိုက်သည်။ ဆရာကြီးကျော်ခိုင်သည် ကိုမင်းစိန်နှင့် လူကောင်

ရော အရပ်အမောင်းပါဆင်သဖြင့် ကိုမင်းစိန်ဟန်ဆောင်ပြီး ရှေ့က အရင်သွားသည်။ နောက်မလှမ်း မကမ်းက ရဲသားနှစ်ယောက်နှင့်အတူ ကိုမင်းစိန်နှင့် ထွန်းလင်းပါလိုက်ပါလာသည်။

အလယ်ဇရပ်ရှေ့သို့ရောက်သောအခါ အေးဆောင်သည် ဆရာကြီးကျော်ခိုင်ကို ကိုမင်းစိန်ဟုထင်ပြီး တုတ်ဖြင့်ထွက်ရိုက်တော့သည်။ ကြိုတင်သတိရှိနေသော ဆရာကြီးကျော်ခိုင်က အေးဆောင်၏တုတ်ချက်ကို ရှောင်ရှားလိုက်သည်။ ချက်ချင်းဆိုသလို တုတ်ကိုပြန်လုကာ အေးဆောင်ကို ရိုက်လိုက်ရာ အေးဆောင်မှောက်လျက်ကျသွားသည်။ ကျော်သောင်းကပါရန်ပြုသဖြင့် ကျော်သောင်းကိုပါဆက်ရိုက်လိုက်သည်။ ဆရာကြီးကျော်ခိုင်သည် ကိုယ်ခံပညာ ဗန်တိုဗန်ရှည်တတ်မြောက်ထားသူဖြစ်သည်။

ထိုစဉ် ထွန်းလင်းတို့လည်း အနားသို့ရောက်ရှိလာသည်။ ဆရာကြီးကျော်ခိုင်က အေးဆောင်နှင့် ကျော်သောင်းတို့ကို လက်ထိတ်ခတ်လိုက်သည်။ ထိုအခါကျမှ သူတို့လူမှားလို့ပါဟု အကြောင်းပြချက်များပေးသည်။ သို့သော် ထွန်းလင်းသည် သူကြားရသမျှကို ပြန်ပြောသဖြင့် အေးဆောင်တို့ မငြင်းနိုင်တော့ပေ။ ဆရာကြီးကျော်ခိုင်ကို ပါရန်ပြုသည့်အပြင် တုတ်လက်နက်သက်သေလည်း ရှိနေပြီဖြစ်သဖြင့် အေးဆောင်နှင့်ကျော်သောင်းတို့သည် လက်ထိတ်ကိုယ်စီဖြင့် တံတားမြို့မရဲစခန်းသို့လိုက်ပါ၍ အဖမ်းခံရတော့သည်။

ထွန်းလင်းက–

"ဇရပ်ထဲမှာ ကျွန်တော့်ညီ ကျော်မင်းရှိသေးတယ်"ဟု ပြောသည်။ ကျော်မင်းသည် ဆူးစူးနာကျင်သည့်ဒဏ်ကို အတော်ခံစားနေရသည်။ ရဲသားများ၏ အကူအညီဖြင့် ကျော်မင်းကို တံတားမြို့သို့ ထမ်း၍ခေါ်ဆောင်လာပြီး ဒေါက်တာနေမင်းစိုး၏ ဆေးခန်းတွင် ပြသပေးလိုက်သည်။ ဆန်ပွဲစား ကိုမင်းစိန်သည် သူ့ငွေများ မဆုံးရှုံးရခြင်းမှာ ထွန်းလင်းတို့ကြောင့်ဖြစ်သဖြင့် ကျေးဇူးအလွန်တင်သွားသည်။ ဆုချသည့်အနေဖြင့် တစ်ယောက်ကို မုန့်ဖိုးတစ်သောင်းစီပေးလိုက်သည်။

မိုးထဲလေထဲတွင် စွန့်စားခဲ့သော ထွန်းလင်း၏လုပ်ရပ်မှာလည်း တံတားမြို့တွင် ပျံ့နှံ့သွားတော့သည်။ ကျော်မင်းသည်လည်း လူဆိုးများနှင့်အတူ ဇရပ်ထဲတွင် အတူနေခဲ့သောသတ္တိကိုလည်း တချို့က ချီးကျူးကြသည်။ ထိုကြောင့် သူတို့နှစ်ယောက်သည် နေ့ချင်းညချင်း သူရဲကောင်းကလေးများ ဖြစ်သွားတော့သည်။ ။

**မောင်သက်ဟန်**


---

စာမျက်နှာ (၂၈)မှအဖြေ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 3 | 7 | 4 | 9 | 1 | 6 | 8 | 2 | 5 |
| 5 | 8 | 1 | 3 | 2 | 7 | 4 | 9 | 6 |
| 2 | 6 | 9 | 5 | 8 | 4 | 1 | 3 | 7 |
| 7 | 2 | 6 | 4 | 5 | 1 | 3 | 8 | 9 |
| 4 | 9 | 8 | 7 | 3 | 2 | 5 | 6 | 1 |
| 1 | 5 | 3 | 8 | 6 | 9 | 7 | 4 | 2 |
| 6 | 4 | 5 | 1 | 9 | 3 | 2 | 7 | 8 |
| 9 | 1 | 7 | 2 | 4 | 8 | 6 | 5 | 3 |
| 8 | 3 | 2 | 6 | 7 | 5 | 9 | 1 | 4 |

မြန်မာမှုဥပစာစကားများ

# စုံကြန်တယ်ဆိုတာ



ရေနံ့သာမောင်ကျော်ညွန့်

"မမလေးကွယ် ငယ်ကမွေး၊ တောကရွှေကျေး။ အစာဝကာမှ၊ ဌာနပြန်မည့်ရေး တောသံကိုပေး"

ရှေးရေးတေးကဗျာတစ်ပုဒ်ကိုညည်းနေတုန်း မြေးဖြစ်သူရောက်လာတယ်။

"ဘဘညည်းတဲ့ တေးသီချင်းက နားထောင်လို့ကောင်းတယ်ဘဘ၊ အဓိပ္ပာယ်သိရအောင်ရှင်းပြပေးပါအုံးဘဘ"လို့ တောင်းဆိုပါလေရော။

"မမလေးဆိုသူက တောထဲမှာ မိတကွဲဖတကွဲနဲ့ အဖော်ကွဲနေတဲ့ ကျေးလေးတစ်ကောင်ကိုတွေ့တယ်၊ တွေ့ရတဲ့ကျေးလေးက သေးသေးကွေးကွေး မွေးကင်းစအရွယ်လေးပါ၊ မမလေးက တွေ့ရတဲ့ကျေးလေးကိုသနားနေတယ်၊ ဒါကြောင့်ကြင်ကြင်နာနာနဲ့ကောက်ယူမွေးမြူထားတယ်"

"ကျေးဆိုတာ ဘာလဲဘဘ"

"ကျေးဆိုတာက ကြက်တူရွေးပါပဲ၊ ကြက်တူရွေးကို ကျေးလို့ အမြတ်တနိုးခေါ်ကြတယ်၊ ကြက်တူရွေးတွေက လူကိုတုပြီး စကားပြောတတ်တယ်၊ ကြက်တူရွေးရဲ့အမွေးအရောင်ကအစိမ်း၊ နှုတ်သီးက နီနီရဲရဲနဲ့ အင်မတန်မှချစ်စရာကောင်းတယ်"

ဆက်ပြီး "မမလေး မွေးမြူခါစတုန်းကတော့ ကျေးလေးရဲ့အမွေးအတောင်တွေက မစုံသေးပါဘူး၊ ကျိုးတိုးကျဲတဲပါပဲ၊ ကိုယ်ခန္ဓာကလဲ ပိန်လှီနေတယ်၊ ပြောင်ပြောင်ရောင်ရောင်မဖြစ်သေးဘူး၊ မမလေးက မိခင်စိတ်အပြည့်ပဲ၊ ကျေးလေး

ကြိုက်တဲ့အစာတွေကို ရှာဖွေပြီး ကျွေးမွေးတယ်၊ ကျေးလားမြောက်လာအောင် ယုယုယယနဲ့ ပြုစုမွေးမြူထားတယ်၊ ဒီလိုနဲ့ ကျေးလေးရဲ့ ကိုယ်ခန္ဓာက တစ်နေ့တခြား ဝဖီးလာတယ်၊ အမွေးအတောင်တွေစုံလာတယ်၊ မမလေးသင်ပေးထားတဲ့ အတိုင်း မပီကလာပီကလာနဲ့ တီတီတာတာပြောတတ်နေပြီ”လို့ပြောပြလိုက်တယ်။

“ဘဘပြောတဲ့မမလေးက ကျေးလေးကို အတော်ချစ်တာပဲနော်”

“ဟုတ်တယ်၊ မမလေးက ကျေးလေးကို အတော်ချစ်ရှာတယ်၊ ကျေးလေးကိုလှောင်အိမ်နဲ့မထားဘူး၊ လွတ်လွတ်လပ်လပ်ထားတယ်၊ တစ်နေ့တခြား ဝလဲဝ၊ လှလဲလှလာတဲ့ ကျေးလေးကိုကြည့်ပြီး ဝမ်းသာအားရကျေနပ်နေတယ်၊ မပီကလာပီကလာနဲ့ တီတီတာတာပြောတာတွေကိုကြားရတိုင်း ကြည်နူးနေတယ်၊ ကျေးလေးကိုမျက်စိအောက်မှာပဲထားတယ်၊ မျက်စိအောက်က အပျောက်မခံဘူး၊ ဒါပေမဲ့ အရွယ်ရောက်လာတဲ့ကျေးလေးက မမလေးရဲ့မျက်စိအောက်ကနေ ခဏခဏထွက်သွားတယ်၊ မမလေးခမျာ စိုးရိမ်ပူပန်နေရရှာတယ်၊ ကျေးလေးက မမလေးနေစေချင်သလိုမနေဘူး၊ သူနေချင်သလိုနေတယ်၊ မမလေးစကားကိုလဲ နားထောင်ရမှန်းမသိဘူး၊ သူထင်ရာလုပ်တာပဲ၊ ကျေးလေးက အမွေးအတောင်တွေကလဲစုံ၊ ကိုယ်ခန္ဓာကလဲ သန်မာထွားကျိုင်းနေပြီ၊ ဒီတော့ မမလေးဆီကနေ သူမွေးဖွားခဲ့ရာ တောအရပ်ကိုသွားဖို့ ဟန်ရေးပြနေတယ်၊ နောက်တော့ တောသံတွေပေးပြီး သူမွေးဖွားရာတောထဲကို ပြန်သွားခဲ့တယ်၊ မမလေးဆီပြန်မလာတော့ဘူး”

“မမလေးက မတားဘူးလားဘဘ”

“တားတာပေါ့၊ စိုးရိမ်တကြီးနဲ့ကိုတားတယ်၊ ဒါပေမဲ့ တားမရပါဘူး၊ မမလေးရင်ခွင်ထဲကနေ စုံကန်ပြီး ထွက်ခွာသွားတော့တာပါပဲ၊ မမလေးခမျာမှာတော့ ဝမ်းနည်းပက်လက်နဲ့ ကျန်ခဲ့ရရှာတယ်”

“မမလေးခမျာ သနားစရာပဲနော်ဘဘ”

“အခုကာလမှာ မမလေးလို သနားစရာကောင်းတဲ့ မိဘတွေရှိနေတယ်၊ မိဘက သားသမီးတွေအရွယ်ရောက်လို့ လူလားမြောက်အောင် ပြုစုမွေးမြူကြတယ်၊ မိဘတွေခမျာ အဆင်းရဲအပင်ပန်းခံပြီး သားသမီးတွေပညာတတ်ကြီးတွေဖြစ်လာအောင် သင်ပေးတယ်၊ သားသမီးတွေက ပညာတတ်ကြီးတွေဖြစ်လာတယ်၊ မိဘက သားသမီးတွေလောက်ပညာမတတ်ရှာဘူး၊ မိဘကျေးဇူးမသိတဲ့ပညာတတ် အချို့သားသမီးတွေက သူတို့လောက်ပညာမတတ်တဲ့မိဘတွေကို အရာမသွင်းတော့ဘူး၊ ဘေးဖယ်ထားတယ်၊ မိဘစကားကိုလဲ နားမထောင်တော့ဘူး၊ ပစ်ပယ်ထားတယ်၊ ကိုယ်ထင်သလိုလုပ်တော့တာပေါ့၊ နောက်တော့ မိဘရင်ခွင်ထဲကနေ မိဘတွေကို စုံကန်ပြီးထွက်ခွာသွားကြတယ်၊ အဲဒီလို သားမိုက်သမီးမိုက်၊ သားဆိုးသမီးဆိုးတွေကြောင့် ဝမ်းနည်းပက်လက်နဲ့ အထီးကျန်နေကြရရှာတဲ့ မိဘတွေက ပိုပြီးတော့သနားစရာကောင်းတယ်၊ မြေးလေးလဲ တစ်ချိန်ကျရင် မိဘကိုစုံကန်တဲ့သူ မဖြစ်စေနဲ့နော်”

“စုံကန်တယ်ဆိုတာက ဘယ်လိုလဲဘဘ”

“စုံကန်တယ်ဆိုတာကတော့ ဥပစာစကားပါ၊ မိဘဆိုတာ သားသမီးတွေရဲ့ကျေးဇူးရှင်တွေပါပဲ၊ ကျေးဇူးရှင်မိဘတွေကို သားသမီးတွေက ကျေးဇူးဆပ်ကြရတယ်၊ အချို့သားသမီးတွေက မိဘရဲ့ကျေးဇူးကို မသိကြဘူး၊ မေ့လျော့နေကြတယ်၊ အသက်အရွယ်ကြီးရင့်လာပြီဖြစ်တဲ့မိဘတွေကို အလေးမထားကြဘူး၊ မလေးစားကြဘူး၊ မိဘတွေအပေါ် မငဲ့ကွက်မထောက်ထားဘူး၊ အဲဒီလို ငဲ့ကွက်ထောက်ထားခြင်းမရှိဘဲ စွန့်ခွာသွားတာကို စုံကန်တယ်လို့ပြောတာပေါ့ကွဲ့”လို့ ရှင်းပြလိုက်တယ်။

ဒီတော့ မြေးဖြစ်သူက “မှတ်ထားပါ့မယ်ဘဘ၊ ဘဘပြောတဲ့ သားဆိုး သားမိုက်မျိုးမဖြစ်စေရပါဘူး၊ ဘဘတို့၊ မေမေတို့ကို ဘယ်တော့မှ စုံမကန်ပါဘူးဘဘ၊ ဘဘတို့၊ မေမေတို့ရဲ့ကျေးဇူးကိုလဲ ဆပ်နေမှာပါဘဘ”လို့ ကတိပေးနေပါလေရော။ ။

**ရေနံ့သာမောင်ကျော်ညွန့်**


တေဇလူငယ်နှင့် အတွေးအခေါ်ကြွယ်ဝရေး

# အယုံလွယ်သံယောင်လိုက်ဘဝမှ ကင်းလွတ်နိုင်ကြပါစေ

မောင်ဖျော်(ပေတစ်ပင်)

**ချစ်သောတူ၊ တူမလေးတို့ရေ...**

(၇၆)နှစ်မြောက်အာဇာနည်နေ့ကို အကြောင်းပြုလို့တက်လာတဲ့ ပို့စ်တချို့ကိုကြည့်ပြီး ဦးဌေးမှာ ပြုံးရမလို၊ မဲ့ရမလိုဖြစ်မိတယ်ကွယ်။ ရေးထားပုံကကြည့်အုံးလေ။ '(၇၆) နှစ်မြောက်အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်'တဲ့။ မင်းတို့ကော ဒီစာတန်းလေးဖတ်ပြီး ဘယ်လိုမြင်သလဲ။ မှားနေတာကောတွေ့မိလား။ တကယ်တော့ ဒီအရေးအသားမျိုးတွေကို အရင်နှစ် အာဇာနည်နေ့



နီးစဉ်ကတည်းက ဦးဌေးတွေ့ခဲ့ဖူးပါတယ်။

အဲဒီကတည်းက မှားနေတာကို သတိပေးဖို့ကြံမိသေးပေမဲ့ မလုပ်ဖြစ်ခဲ့ဘူးကွယ်။ တို့လူမျိုးတွေရဲ့ ထုံးစံက 'ဒါလေးမှားတာများဗျာ ပြင်ဖတ်လိုက်ပေါ့'လို့ တုံ့ပြန်ကြမှာကို သိနေကြလို့လေ။ ဦးဌေး အထပ်ထပ် ပြောခဲ့ဖူးသလိုပဲ တို့လူမျိုးတွေမှာ အမေကျော် ထွေးတော်လွမ်းချင်သူတွေက အများသားလေ။ တိုင်းတစ်ပါးကစာပေ၊ ယဉ်ကျေးမှုတွေကို အံဝင်လား၊ မဝင်လား မစဉ်းစားဘဲ လက်ခံကျင့်သုံးဖို့ကို အားတက်သရောရှိကြသလောက် ကိုယ့်မြန်မာစာ၊ မြန်မာ့ယဉ်ကျေးမှုကိုကျ အထင်သေးရှုတ်ချချင်သူတွေက များလှတာကိုး။

ဆရာမင်္ဂတာရီရေးသလို 'သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့်၊ ငါ့မြေမှာ နီဝါတင့်ရမပေါ့'ဆိုတဲ့ စိတ်ထားတဲ့သူကနည်းပြီး သူများဘာလုပ်လုပ်အကောင်းထင် ပုံတူကူးချင်သူတွေကများလှသကွယ်။ 'တို့လူလေးများဆိုသလေး'လို့တိုင်ပေးရင် ဘာမသိ ညာမသိနဲ့ 'ဝေလေလေ'လို့ အော်မဲ့သူက အများသားမဟုတ်လား။ ကဲ...ပြောရင်း စကားဘေးချော်သွားပြီကွယ်။ ဦးဌေး ဦးတည်ထားတဲ့စာကြောင်းဆီ ပြန်သွားကြရအောင်။ '(၇၆) နှစ်မြောက် အာဇာနည်နေ့ကိုကြိုဆိုဂုဏ်ပြုလျက်'ဆိုတဲ့စာတန်းလေးက မှန်သလား၊ မှားသလားလို့မေးထားတာလေ။ ဟုတ်ပါ့။ မှားတာပေါ့ကွယ်။ ဘယ်နေရာ မှားသလဲပြောပြမယ်နော်။

တကယ်တမ်းကျ 'ကြိုဆိုဂုဏ်ပြုလျက်'လို့ ရေးရမဲ့နေ့ထူးနေ့မြတ်တွေက တို့နိုင်ငံမှာ 'လွတ်လပ်ရေးနေ့'၊ 'ပြည်ထောင်စုနေ့'၊ 'အမျိုးသားအောင်ပွဲနေ့'နဲ့ 'တပ်မတော်နေ့' တွေလောက်ပဲရှိကြပါတယ်။ ဦးဌေးက လူအများသိလွယ်တဲ့နေ့တွေကို ကောက်ကာငင်ကာ ရေးပြလိုက်တာပါ။ တကယ်က မြန်မာနိုင်ငံမှာ ကြိုဆိုဂုဏ်ပြုရမဲ့ အခြားနေ့ထူးနေ့မြတ်တွေလဲရှိပါသေးတယ်။ ဥပမာ– 'အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့'၊ 'မြန်မာအမျိုးသမီးများနေ့'တွေလိုမျိုးပေါ့။ 'လွတ်လပ်ရေးနေ့'၊ 'ပြည်ထောင်စုနေ့'၊ 'အမျိုးသားအောင်ပွဲနေ့'၊ 'တပ်မတော်နေ့'တွေကို ဘာကြောင့် ကြိုဆိုဂုဏ်ပြုရသလဲဆိုတော့ ဒီနေ့တွေဟာ နယ်ချဲ့အင်္ဂလိပ်လက်အောက် ကျွန်သပေါက်ဘဝကနေ လွတ်လပ်တဲ့လူမျိုးနဲ့ လွတ်လပ်တဲ့နိုင်ငံဖြစ်လာအောင် တိုင်းရင်းသားပြည်သူလူထုက စုပေါင်းဆန့်ကျင်တွန်းလှန်တိုက်ခိုက်ခဲ့ကြတဲ့ အထင်ကရ သမိုင်းဝင်နေ့ထူးနေ့မြတ်တွေဖြစ်လို့ပါပဲ။

ထို့အတူ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုတာ လူတိုင်းပါဝင်ဆောင်ရွက်သင့်တဲ့နေ့မို့လို့၊ မြန်မာအမျိုးသမီးများနေ့ဆိုတာ မြန်မာအမျိုးသမီးများ စံနမူနာယူသင့်တဲ့ အနေအထိုင်၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှုတွေကိုဖော်ထုတ်ပြတဲ့နေ့မို့လို့ ကြိုဆိုဂုဏ်ပြုသင့်တာပေါ့။ ဒါဖြင့် အာဇာနည်နေ့ကကော သမိုင်းဝင်နေ့တစ်နေ့မဟုတ်ဘူးလားလို့ မင်းတို့က မေးချင်မှာပဲ။ အာဇာနည်နေ့ကလဲ မြန်မာ့သမိုင်းမှာ သမိုင်းဝင်နေ့တစ်နေ့ပါပဲ။ ဒါပေမဲ့ အထက်က နေ့ထူးနေ့မြတ်တွေလို ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုရမဲ့နေ့တစ်နေ့တော့ မဟုတ်ဘူးကွဲ့။ ဝမ်းနည်းကြေကွဲစွာအောက်မေ့သတိရရမဲ့နေ့တစ်နေ့သာဖြစ်တယ်။ ဘာကြောင့်လဲ။ အားလုံးသိကြတဲ့အတိုင်း မြန်မာနိုင်ငံကိုလွတ်လပ်ရေးရအောင် ဦးဆောင်ကြိုးပမ်းပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်ကြီးတွေဟာ မသမာသူလူတစ်စုလက်ချက်နဲ့ ကျဆုံးခဲ့ရတဲ့နေ့တစ်နေ့ဖြစ်လို့ပါပဲ။ ဒါကြောင့် အာဇာနည်နေ့နဲ့ပတ်သက်ရင် '(–) နှစ်မြောက်အာဇာနည်နေ့ကိုအောက်မေ့သတိရလျက်'ဆိုတာမျိုး၊ ဒါမှမဟုတ် 'ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ဝမ်းနည်းကြေကွဲစွာ အလေးပြုလျက်'ဆိုတာမျိုးပဲ ရေးသင့်တယ်လေ။

တူ၊ တူမလေးတို့တွေ သဘောပေါက်ကြပြီလားကွဲ့။ အမှားကြာရင်အမှန်ဖြစ်သတဲ့။ စာတတ်ပြီးစာမဖတ်သူတွေများလာနေတဲ့ တို့နိုင်ငံသူ၊ နိုင်ငံသားတွေအနေနဲ့ ဒီလိုမမှားသင့်တဲ့အမှားတွေကို လက်ဆင့်ကမ်းဆက်ရေးရင်း အမှားသံသရာလည်တာမျိုးမဖြစ်ရအောင် ဦးဌေးက သတိပေးတဲ့အနေနဲ့ ဒီစာလေး

ကိုရေးလိုက်ရတာပါ။

သမိုင်းပါမောက္ခဒေါက်တာ သန်းထွန်းက 'သမိုင်းသင်တာ မအောင်'လို့ ဟုပြောခဲ့တယ်။ ခက်တာက ကိုယ့်နိုင်ငံသမိုင်းကြောင်းလဲမသိ၊ သိအောင်လဲမကြိုးစားဘဲ သူများပြောသမျှ၊ လုပ်သမျှ အဟုတ်ကြီးထင်၊ သံယောင်လိုက်နေကြသူတွေက တစ်နေ့တခြားများလာနေသကိုး။ အဲဒီလို အလွယ်လမ်းလိုက်နေတာဟာ ကိုယ့်အတွက်တင်မက ကိုယ်နဲ့ဆက်စပ်နေတဲ့မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်၊ နောက်ဆုံး ကိုယ့်နိုင်ငံအတွက်ပါ အလွန်အန္တရာယ်ကြီးတယ်ဆိုတာကို တူ၊ တူမလေးတို့တွေ အလေးအနက် နှလုံးသွင်းကြစေချင်တယ်ကွယ်။

ဦးဌေးရဲ့ အိမ်ဘုရားစင်မှာ တစ်ခါက 'သင် ယနေ့ ဘာရပြီးပြီလဲ၊ ပညာလား၊ ဥစ္စာလား၊ ကုသိုလ်လား'ဆိုတဲ့ စာတန်းလေးချိတ်ထားခဲ့ဖူးပါတယ်။ အခု အဲဒီစာတန်းမရှိတော့ပေမဲ့ မနက်အိပ်ရာကထတာနဲ့ အဲဒီစာတန်းလေးက ဦးဌေးခေါင်းထဲကို အမြဲရောက်လာတတ်တယ်။ ဒါကြောင့် အိပ်ခန်းထဲက ထွက်တာနဲ့ ဘုရားကို လက်အုပ်ချီရှိခိုးတယ်။ ဆီမီး၊ ရေချမ်း ကပ်တယ်။ ပြီးတော့ အိမ်ရှေ့ မန်ကျည်းပင်ပေါ်က အစာအော်တောင်းနေတဲ့ စာကလေးတွေကို အစာကျွေးတယ်။ ကြောင်ကလေးကို အစာကျွေးတယ်။ စာတန်းလေးကိုအကြောင်းပြုပြီး မနက်ခင်းမှာ ဦးဌေးယူတဲ့ ကုသိုလ်တွေပေါ့။ စာတစ်ကြောင်းရဲ့တန်ဖိုးက ဘယ်လောက်'တာ'သွားသလဲဆိုတာ တူ၊ တူမလေးတို့ သတိထားကြည့်ကြနော်။

ကိုယ်တင်ကုသိုလ်ရအောင်၊ တန်ဖိုးရှိအောင်မနေဘူး။ သားတွေကိုလဲ 'ဟေ့...မင်းတို့ ဒီနေ့ ဘာရပြီးပြီလဲ၊ ကုသိုလ်ရအောင် ရေခပ်ကြ၊ အိမ်သာဆေးကြ' စသဖြင့် ဦးဌေးက အမြဲလိုလို သတိပေးတယ်။ တန်ဖိုးရှိတဲ့ သူတွေဖြစ်လာအောင်သူတို့နဲ့သင့်တော်မဲ့ စာအုပ်၊ စာစောင်တွေ ဝယ်ပေးပြီး စာဖတ်ခိုင်းတယ်။ မှန်တာပြောရရင် ဖုန်းတွေမပေါ်ခင်အထိ သားတွေက ဦးဌေး ဂိုက်လိုင်းပေးတဲ့အတိုင်း စာကို သဲသဲမဲမဲဖတ်ကြတယ်ကွဲ့။ အဲ...ဖုန်းတွေပေါ်လာပြီးချိန်မှာတော့ သူတို့ ဖုန်းဘက်ကို အာရုံရောက်သွားကြပါရော။


ဒါဆို သူတို့စာဖတ်ခဲ့တာတွေ အလကားဖြစ်သွားပြီပေါ့လို့ မင်းတို့က ပြောချင်လိမ့်မယ်။ သူတို့စာဖတ်ခဲ့ခြင်းအကျိုးက အလကားမဖြစ်ပါဘူးကွယ်။ အလိမ္မာရှိတဲ့ စာတွေဖတ်ထားတဲ့ ဦးဌေးရဲ့သားတွေက အပြောအဆို လိမ္မာယဉ်ကျေးကြတယ်လေ။ ဒီလိုလိမ္မာယဉ်ကျေးတော့ ဆရာ၊ ဆရာမတွေ၊ သူတို့နဲ့ဆက်ဆံရသူတွေက ချစ်ကြခင်ကြတယ်။ ဒီတော့ သူတို့အတွက် ဘဝလမ်းကိုလျှောက်လှမ်းရတာ အဆင်ပြေတာပေါ့ကွယ်။ ကိစ္စတစ်ခုဖြစ်လာရင်လဲ ဆင်ခြင်တုံတရားလေးနဲ့ စဉ်းစားတွေးခေါ်တတ်ကြတယ်လေ။


မှတ်ထားကွဲ့။ စာဖတ်တဲ့သူဆိုတာ သူများထက် အတွေးအခေါ် အမြော်အမြင်ရှိသလို မိဘက သိပ်ဆုံးမစရာမလိုဘဲ စိတ်နှလုံးသား နူးညံ့သိမ်မွေ့ကြတယ်ဗျာ။ ဒါကြောင့် တူ၊ တူမလေးတို့ကို စာဖတ်ကြ၊ စာဖတ်ကြလို့ ဦးဌေးက လျှာရှည်ထွက်လောက်အောင်ပြောပြီး သတိပေးနေတာပေါ့။

အခုပေါ်နေတဲ့ ဂိမ်းဆိုတာတွေကတော့ ကစားကြတဲ့ မင်းတို့လို ကလေးတွေရဲ့ နုနယ်တဲ့နှလုံးသားလေးတွေ ညစ်ထည်းသွားအောင်၊ စိတ်တွေ ရက်စက်ကြမ်းကြုတ်သွားအောင်၊ ဖရုသဝါစာလို့ခေါ်ရမဲ့ ရုန့်ရင်းကြမ်းတမ်းတဲ့စကားလုံးတွေ ပြောတတ်၊ ဆိုတတ်အောင် တမင်လေ့ကျင့်ပေးနေတဲ့အရာလို့ ဦးဌေးကတော့ မြင်တာပဲကွယ်။ ဟုတ်၊ မဟုတ်ကတော့ ကိုယ်တိုင်ကစားနေကြတဲ့ တူ၊ တူမလေးတို့တွေ အသိဆုံးနေမှာပေါ့နော်။

ကဲ...ဒီလတော့ ဒီလောက်ပါပဲကွယ်။ တူ၊ တူမလေးတို့တွေ သူများပြောသမျှ အယုံလွယ်၊ အဟုတ်ထင်၊ သံယောင်လိုက်ဘဝမှ စာဖတ်ခြင်းဖြင့် ကိုယ်ပိုင်အသိရရှိကာ ဆင်ခြင်တုံတရားပြည့်ဝသူများဖြစ်ကြပါစေကွယ်။ ။

**တူ၊ တူမလေးတို့ရဲ့**
**ချစ်သောဦးဌေး**
**မောင်ဖျော်(ပေတစ်ပင်)**


မင်းကောင်းကို
ပုပု
ပါဝင်သည့်...
ဈေးရောင်းပွဲ...
Sales Promotion
Cartoon: Min Kaung Ko
Tr: BMK
ယနေ့...ကျောင်းပိတ်ရက်ဖြစ်သည်။ ပုပုတစ်ယောက်ထုံးစံအတိုင်း...
That day was a school holiday. Pu Pu went out as usual.
သူငယ်ချင်းများနှင့်ကစားနေကျ နေရာသို့ ရောက်လာသည်...
မရောက်ကြသေး ပါလား...
"They haven't come here."
He got to the place where they used to play with his friends.
အေးလေ...စောင့်ရင်း နဲ့...တစ်မှေးလောက် ငိုက်လိုက်အုံးမယ်...
"While I am waiting for them, I am going to take a nap."
အမယ်လေး တော်တော်အိပ်ရေး ပျက်နေတယ်...
"Oh!, you are sleep deprived."
အမ်...
"Oh!"
အခုမှမှေးတာပါ...
"I just started sleeping."


ငါမုန့်ဝယ်လာတယ်... သူတို့မလာကြသေးဘူးလား...
"I bought some snacks. Haven't they come here?"
ဟား...ဟား...ဟား... နင်ပဲနောက်ကျတာ...
"Ha! Ha! Ha! You are late."
အိုဗျ...
"Oh!"
အောင်ဘုကလွဲလို့... ကျန်တဲ့သူတွေ... ရောက်နေပြီ...
ဘယ်မှာလဲ...
"Where?"
ဘကြီးဖြိုးအိမ်မှာ...
"Bagyi Phyoe's home."
"All have arrived except Aung Bu."
ကဲ...ကဲ... လာဟေ့... ရောက်တာနဲ့အတော်ပဲ သောက်လို့ရပြီ...
ဟုတ်ကဲ့ ဘဘ...
"Yes, Ba Ba."
"Come here. It is ready to drink."
သောက်ကြ...နွားနို့စစ်စစ်နဲ့... ကျိုထားတဲ့...ဆန်ပြုတ်...
သောက်လို့ကောင်းတယ်ဘဘ...
"It is good to drink, Ba Ba."
"Drink it. It is rice gruel cooked with real cow milk."


ပြီးတော့...သားပုပု...
အောင်ဘုအတွက်ဆန်ပြုတ်
ယူသွားပေးလိုက်အုံး...
"And Pu Pu, bring rice gruel for Aung Bu."
နီမ...အောင်ဘုက...
ဘာဖြစ်လို့မလာတာလဲ...
"Ni Ma, why didn't Aung Bu come?"
ငါလဲမသိဘူး
"I don't know."
အကြော်ပူပူလေး...
"Hot fritters."
ဟင်...
"Hum!"
အောင်ဘု...
"Aung Bu."
ဟဲ့...အောင်ဘု...နင်
အကြော်ရောင်းနေတယ်...
အေး...
"Yes"
"Aung Bu, are you selling fritters?"
ဒီမှာ...မင်းအတွက်
နို့ဆန်ပြုတ်ဘကြီးဖြိုး
ပေးလိုက်တာ...
"Here is rice gruel for you.
Bagyi Phyoe gave it for you."
အိမ်ကိုပဲပို့ထားပေးကွာ
ငါ...ရောင်းလိုက်အုံးမယ်...
"Send it to my home.I continue
selling fritters."
အေးအေး...
ပို့ထားပေးမယ်...
"Yes, I will send it."


အောင်ဘူက...ဘာလို့ ဈေးရောင်းနေတာလဲ
သူ့အမေ မအားလို့နေ မှာပေါ့ပါ...
"Why does Aung Bu sell?"
"It may be that his mother is not free."
ဒေါ်ဒေါ်ရေ...ဒေါ်ဒေါ်...
"Aunty...Aunty."
ရှိရဲ့လား
"Are you present?"
တံခါးတော့ ဖွင့်ထား တယ်ပါ...
"The door is open."
အေးဟ...
"Yes."
ဟင်...မှောင်မည်းနေ တာပဲ...နီမ...ပြတင်းပေါက် တွေဖွင့်ပါ...
အေးအေး...
"Yes."
"Hum! it is too dark.Ni Ma,open the windows."
ဒေါ်ဒေါ်ရေ...ဒေါ်ဒေါ်
"Aunty...Aunty."
ဒီမှာ... ဒီမှာ...
"I'm here."
ဟင်...ဒေါ်ဒေါ်... နေမကောင်းဖြစ် နေတာလား...
ဟုတ်တယ် သားရေ...
"Yes, son."
"Hum!, aunty, aren't you feeling well?"


မကြာမီ...အောင်ဘုပြန်ရောက်လာသည်...
ဟဲ့...အောင်ဘု... ဆေးခန်းမပြဘူးလား
ပိုက်ဆံမှမရှိတာ...
"We've no money."
Aung Bu came back soon.
"Aung Bu, do you bring your mother to clinic?"
မပူနဲ့...ဘောလုံးဝယ်ဖို့ ငါစုထားတဲ့ပိုက်ဆံရှိတယ်...
"Don't worry! I have collected money to buy a ball."
"Hum!"
ပုပုသည်အိမ်ပြန်၍ပိုက်ဆံယူပြီးနောက်...
ရော့...ဆေးခန်းပြဖို့...
"Take it to go to clinic."
Pu Pu went back home and brought money.
အေးကွ...အဲဒါကတော့ ဟုတ်ပါပြီ...
ဘာ ကျန်နေလို့လဲ...
"Yes, it is good, But.."
"What do you want?"
မုန့်နှစ်တွေကျန်သေးတယ် အမေ...ဆက်ပြီးမကြော်နိုင် တော့ဘူး...ပြီးတော့...
"There is some batter left.
Mother will not fry it. And.."
ဆက်ပြီး...ကြော်ရင်တောင်မှ ငါတစ်ယောက်တည်းရောင်းဖို့ မလွယ်ဘူး...
အောင်ဘု...
"Aung Bu."
"Although she can continue frying,
it is impossible for me to sell them."


မင်းနဲ့ နီမ ဆက်ကြော်...
ငါတို့ ပိုင်းရောင်းပေးမယ်...
အေး...
"Yes."
"You and Ni Ma continue frying them. We will sell them."
ထို့နောက်... ပေစိ၊ ကောင်းကောင်း၊ ဖိုးကော်တို့ ရောက်လာပြီး...အကြော်ပိုင်းရောင်းကြသည်
အကြော်... ပူပူလေး ရမယ်...
"Hot fritters."
Then, Pai Si, Kaung Kaung, Phoe Kaw came there and sold the fritters.
ဒေါ်ဒေါ်...အကြော်တွေ ကုန်ပြီ...ဒီမှာပိုက်ဆံတွေ...
ဟင်...
"Hum!"
"Aunty, there are no more fritters. Here is money."
ကျေးဇူးပါပဲကွယ်...
"Thank you"
ရပါတယ်ဒေါ်ဒေါ်...
"No problem, Aunty."
ဒေါ်ဒေါ် မကြော်နိုင်သေးရင်... ဒီနေ့လိုပဲ...မုန့်နှစ်စပ်ပေးပါ
"If you are unable to fry, make batter like this."
ကျွန်တော်တို့ဘာသာကြော်ပြီး... ပိုင်းရောင်းပေးပါ့မယ်...
ပြီး
"We will fry fritter and sell them."

## တေဇတို့ရွတ်ဆိုဖို့

# သဘာဝပတ်ဝန်းကျင် ချစ်ဖွယ်ကဗျာများ (၉)

ဇော်မြင့်နို



**တေဇကလေးတို့ရေ...**

တေဇကလေးတို့ရွတ်ဆိုကြဖို့ ဦးဦးကဗျာလေးတွေစုပြီး ရေးကူးပေးထားပါတယ်။ ဒီကဗျာလေးတွေက သဘာဝပတ်ဝန်းကျင်အကြောင်း ရေးဖွဲ့ထားတဲ့ကဗျာလေးတွေပါ။ ကဗျာလေးတွေကို ရှေးခေတ်စာဆိုတော်ကြီးတွေက ရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။ အခုလမှာတော့ 'စာဆိုတော်ဖိုးသူတော်ဦးမင်း'ရဲ့ကဗျာလေးတွေကို ရွတ်ဆိုကြပါစို့ကွယ်။

သဘာဝပတ်ဝန်းကျင်ဆိုတာ တေဇကလေးတို့ ရင်းနှီးပြီးသားဖြစ်မှာပါ။ သဘာဝပတ်ဝန်းကျင်မှာ မြေ၊ ရေ၊ လေနဲ့ ဇီဝဆိုတဲ့ အပိုင်းကြီးလေးပိုင်းကို တေဇကလေးတို့ သတိထားမိမှာပါ။ သဘာဝပတ်ဝန်းကျင်သိပ္ပံဘာသာရပ်မှာတော့ မြေထု၊ ရေထု၊ လေထုနဲ့ ဇီဝထုလို့ ပြောကြတာပေါ့ကွယ်။ မြေထုမှာ မြေဆီလွှာ၊ ကျောက်၊ သတ္တုတွေပါဝင်တယ်။ ရေထုမှာ မြစ်ချောင်း၊ ပင်လယ်သမုဒ္ဒရာနဲ့ မြေအောက်ရေတွေ၊ မိုးရေတွေ၊ ဆီးနှင်းတွေ ပါဝင်ကြတယ်။ လေထုမှာတော့ ဓာတ်ငွေ့အမျိုးမျိုးပေါ့ကွယ်။ ဇီဝထုဆိုတာ သက်ရှိတွေကိုပြောတာပါ။ လူတွေ၊ သတ္တဝါတွေ၊ သစ်ပင်သစ်တောတွေ ပါဝင်တာပေါ့။

တေဇကလေးတို့ရေ...'စာဆိုတော် ဖိုးသူတော်ဦးမင်း'က သဘာဝပတ်ဝန်းကျင်ရဲ့သာယာပုံ၊ နှစ်သက်ကြည်နူးစရာကောင်းပုံတွေကို ကဗျာလေးတွေရေးပြီး မှတ်တမ်းထားခဲ့တယ်။ ဦးဦးနဲ့အတူ ရွတ်ဆိုကြရအောင်။

စံကားဝါ ငုံသင်းလို့၊ ကြယ်မင်းတဲ့ ဝိသာခါ၊ ၊တိမ်ဖွေမှာ ရောင်ခြည်ရွှန်း၊ ထွန်းတဲ့ချိန်ပါ။ စုံကန္တာ၊ ဟေမာမြိုင်ထဲ၊ ၊ရွှေကျေးပျံသင်လို့၊ စံပျော်ရှင် သည်ဟိုကူးလို့ငယ်၊ မြူးကြစမြဲ။

တေဇကလေးတို့ရေ...စာဆိုတော်ကြီးက ကဆုန်လမှာ တွေ့မြင်ရလေ့ရှိတဲ့ သဘာဝပတ်ဝန်းကျင်ကို ရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။ သင်းထုံနေတဲ့ စံကားဝါဖူး စံကားဝါငုံလေးတွေကို တွေ့ရတယ်။ ညအခါ မိုးကောင်းကင်မှာ ဝိသာခါနက္ခတ် ထွန်းလင်းတောက်ပနေတာမြင်ကြရတယ်။

စုံ၊ ဟေမာ၊ မြိုင်ဆိုတာ သစ်ပင်သစ်တော ထူထပ်များပြားစွာပေါက်နေတဲ့တောကိုပြောတာပါ။ တေဇကလေးတို့စိတ်ထဲ မျက်စိထဲမှာ စိမ်းစိုသာမောနေတဲ့ တောမြိုင်ကြီးကို မြင်ယောင်ကြည့်လိုက်ပါ။ အဲဒီတောထဲမှာ စံကားဝါပန်း

တွေ ဖူးငုံပွင့်လန်းပြီး သင်းထုံနေလိမ့်မယ်။ ပြီးတော့ တေဇကလေးတို့ ချစ်တဲ့ ကြက်တူရွေး၊ ရွှေကျေးကလေးတွေ အပျံသင်နေတာကို တွေ့ရလိမ့်မယ်။ တေဇကလေးတို့ ကျောင်းသွားတဲ့အခါ အဖေတို့၊ အမေတို့ လိုက်ပို့သလို ရွှေကျေးလေးတွေကိုလဲ သူတို့အဖေ၊ သူတို့အမေတို့က ပျံတတ်နားတတ်အောင် သင်ပေးနေတာပေါ့ကွယ်။ ကဗျာလေးကို တစ်ခါလောက် ထပ်ဆိုကြည့်ရအောင်။

…စုံကန္တာ၊ ဟေမာမြိုင်ထဲ၊
၊ရွှေကျေးပျံသင်လို့၊ စံပျော်ရှင်
သည်ဟိုကူးလို့ငယ်၊ မြူးကြစမြဲ။

ရွှေကျေးလေးတွေက ဟိုအပင်ကူးလိုက်၊ ဒီအပင်ကူးလိုက်နဲ့ အေးချမ်းစွာ အပျံသင်နေကြသတဲ့။ မြူးထူးပျော်ရွှင်နေကြသတဲ့ ။ ချမ်းမြေ့သာယာတဲ့မြင်ကွင်းလေး ခံစားရပါတယ်နော်။ ရွှေကျေးလေးတွေရဲ့ အလေ့အထ သဘာဝကိုလဲ သိခွင့်ရတာပေါ့ကွယ်။

စာဆိုတော်ကြီးက မြစ်ချောင်းအင်းအိုင်တွေရဲ့သဘာဝကိုလဲ ရေးဖွဲ့ခဲ့သေးတယ်။ တေဇကလေးတို့ရွတ်ဆိုကြည့်ပါအုံး။

…သောင်သဲငယ်မို၊ ရေညို
ရစ်မို့၊ ၊လေညင်းငယ်လာ၊ စုံဟေမာ
မြိုင်ထဲက၊ ဝမ်းဘဲ ရွှေစင်ရော်တို့၊
ဖော်ခေါ်သံ မောင်မယ်ကျူးတယ်၊
မြူးပျော်ကြလို့။

တေဇကလေးတို့ရေ… နွေရာသီ မြစ်ချောင်းတို့ရဲ့ ရှုမျှော်ခင်းအလှကို မြင်ကြည့်ကြပါအုံး။ မြစ်ချောင်းတွေမှာ သဲသောင်တွေ မို့မို့မောက်မောက်တွေ့ရတာကို သောင်ထွန်းတယ်လို့ပြောကြတယ်။ စိမ်းမြကြည်လင်တဲ့မြစ်ရေ၊ ချောင်းရေတွေက သောင်တွေကို ရစ်ခွေစီးဆင်းနေကြတယ်။ မြစ်ဝန်းကျင်မှာ တောမြိုင်အရပ်ဆီက တိုက်ခတ်လာတဲ့ လေပြည်လေညင်းတွေကလဲ တသုန်သုန်တဖြူးဖြူးနဲ့ ကြည်နူးစရာကောင်းလှတယ်။ ရေငှက်ကလေးတွေဖြစ်တဲ့ ဝမ်းဘဲ၊ စင်ရော်ငှက်ကလေးတွေကလဲ ဘာသာဘာဝ အော်မြည်တွန်ကျူးမြူးပျော်နေကြသတဲ့။

တေဇကလေးတို့ ဒီကဗျာလေးတွေကို ရွတ်ဆိုကြတဲ့အခါ မြေ၊ ရေ၊ လေနဲ့ ဇီဝတို့ရဲ့ သဘာဝဖြစ်စဉ်တွေကို သတိပြုမိမှာဖြစ်ပါတယ်။ စာဆိုတော်ကြီးကလဲ တေဇကလေးတို့၊ ဦးဦးတို့ရဲ့ သဘာဝလောကကြီးသာယာပုံတွေ အလေ့အထတွေကို ချစ်ခင်နှစ်သက်နိုင်အောင် သတိပြုနိုင်အောင် စာဖွဲ့ခဲ့တာပေါ့လေ။

ဒီလိုစာဖွဲ့ခဲ့တဲ့ စာဆိုတော်ကြီးဟာ မြန်မာနှစ် ၁၁၆၀ ပြည့်ခန့်မှာ မွေးဖွားပြီး ၁၂၁၀ ပြည့်ခန့်မှာ ကွယ်လွန်ခဲ့တယ်။ ရာစုနှစ်ဆိုရင်တော့ ၁၉ ရာစုမှာပေါ်ထွန်းခဲ့တဲ့ စာဆိုတော်ကြီးပေါ့ကွယ်။ စာဆိုတော်ကြီးဟာ မိတ္ထီလာမြို့အနီး ရေဝေရွာဇာတိလို့လဲ သိရတယ်။ စာဆိုတော်ကြီးဟာ လေးချိုးကဗျာကြီးများ၊ လွမ်းချင်း၊ သဖြန်၊ လေးဆစ်၊ ရတု၊ ဒုံးချင်း စတဲ့ကဗျာတွေ ရေးဖွဲ့ခဲ့တယ်။

စာဆိုတော်ကြီးရဲ့ သဘာဝအလှကဗျာလေးတွေ ထပ်ပြီးရေးကူးပေးလိုက်ပါတယ်။ တေဇကလေးတို့ ရွတ်ဆိုကြည့်ပါအုံး။ တွေးတောကြည့်ပါအုံး။

၁။ ဟောင်းရွက်ညှာ ခါလှစ်
လို့၊ တာသစ်ကယ်တဲ့နံ့ကြိုင်။ သုတ်
ဖြူးလေဆော်က၊ ပန်းကုံ့ကော်
ဝတ်မှုန်ကျင်း၊ သင်းပျံ့လို့လှိုင်…။

၂။ ကြာငါးမည် ကြိုင်သင်း
လို့၊ လျှံဝင်းတဲ့ ပြောင်ထိန်၊ ၊ရွှေနန်း
တောင်တော်ဦးမှာလ၊ ကွန့်မြူး
မြင်းမိုရ်ရှိမီး၊ ညီးတဲ့ခါချိန်။ ရှိဦး
ငယ်နှိမ်၊ သုံးကြိမ် ရိုပျောင်း၊ ၊သဏ္ဍာစ္စ
ဂါရဝါနှင့်၊ စဉ်အလာ ပူဇော်ပွဲကို၊
ခဲကြပေတောင်း။

၃။ ရှစ်ခွင်ကို မြူဆင်းလို့၊
ငွေနှင်းတဲ့ နှုစို၊ ၊ဂမုန်း သဇင်တို့၊ စုံခွင်
မှာ လေချိုညင်းက၊ သုတ်သွင်းဘယ်
ညာနှံ့၊ သင်းပျံ့ပျံ့ချို…။ ။

**ဇော်မြင့်နီ**

**စာကိုး-**

(၁) မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ
(၂) မောင်ခင်မင်(ဓနုဖြူ)၏ မြန်မာစာပေခရီး
(၃) ဦးဖိုးလတ်စီစဉ်သည့် ကျောင်းသုံးသီချင်းပဒေသာ ပထမအုပ်
(၄) မြန်မာစာညွှန့်ပေါင်းကျမ်း (ဒုတိယတွဲ)
(၅) မြန်မာကဗျာလက်ရွေးစင်၊ ဒသမတန်း(၂၀၁၉-၂၀၂၀)

# မြန်မာဝေါဟာရကဗျာများ

တင်လင်းဇော်

**ရေးချမပါ ပတ်ရေးပါ**

'အပတ်တကုတ်'၊ 'ပတ်ကြမ်းတုတ်'
'ယုတ်ပတ်'တာကို ပတ်ရေးမည်။

'မလိမ့်တပတ်'၊ 'ပတ်ပတ်နပ်'
'ပတ်ကုံးဝန်းကျင်' ပတ်ရေးမည်။
'သံပတ်နာရီ'၊ 'လိပ်ပတ်လည်'
'လည်ပတ်'တာကို ပတ်ရေးမည်။

'ပုံတိုပတ်စ'၊ 'ပတ်ခြောက်က'
'ပတ်မလုံးစုံ' ပတ်ရေးမည်။
ရေးချမပါ၊ ပတ်ရေးရာ
မှတ်ပါ မှတ်ပါ တို့ကိုယ်စီ။ ။

**တောတောင် တိတ်ဆိတ် ငြိမ်းအေးရိပ်**

'ပိတ်စွယ်'မိုးလို့ 'ပိတ်ဆို့'မယ်
'ပိတ်ပိတ်သား' 'ပိတ်ကွယ်'။
'ချုံနွယ်ပိတ်ပေါင်း' နေရာကောင်း
အဲဒါ သစ်မ်းကျောင်း။

'ဝါးလုံးခေါင်းပိတ်' ဝါးကိုယူ
'ဒူးပိတ်နံရံ' ထူ။
'ဓငိပိတ်ဖြူ'နဲ့ 'ပိတ်စိမ်းပါး'
ပြတင်းပေါက်မှာထား။

'ဓားမနောက်ပိတ်ခွေး' မဖြစ်အောင်
တရားအားထုတ်မောင်။
တောတောင် တိတ်ဆိတ် ငြိမ်းအေးရိပ်
ဂုဏ်တော်ပွားလို့ ပုတီးစိပ်။ ။

**ပါတ် ပပ် အသုံးမှတ်ကြဦး**

'ပါဏာတိပါတ်'၊ 'ပိဏ္ဍပါတ်'
မှတ်ကြ ရေးချပါတ်။

'ငန်းသန္ဓိပါတ်'၊ 'ဓာတ်နိပါတ်'
မှတ်ကြ ရေးချပါတ်။

'ဥပ္ပာတ်ပျံတတ်'၊ 'ဂဏန်းနံပါတ်'
မှတ်ကြ ရေးချပါတ်။

'ကြံပပ်' 'ငှက်ပျောပပ်'၊ 'အသားပပ်'
မှတ်ကြ ပသတ်ပပ်။

'လက်ပပ်စော်နံ'၊ 'အပပ်အခွံ'
မှတ်ရန် ပသတ်ပပ်။

ပါတ်ပပ်အသုံး၊ မှတ်ကြအုံး
အားလုံး ပျော်စေဖို့။ ။

**လက်သမားဆရာရဲ့ မေတ္တာစကား**

ရှေးအခါက လက်သမားဆရာ
'ပုတ်ပြတ်ငှား'လို့ လိုက်သွားရှာ။
'ပါဠိလိပုတ်ပြည်' အစွန်အဖျား
'တင်းပုတ်လက်နက်' ယူလို့သွား။

'ပုတ်တလုတ်တောက်တဲ့' ကစားမယ်
ကလေးတစ်သိုက် ရောက်လာတယ်။
'တဲပုတ်'အနားဝယ် 'လက်ပုတ်ချား'
'ဆောက်ပုတ်'သုံးကာ အလုပ်များ။

'ချုံပုတ်'အနားမှာ ကလေးတွေ
'ရိုက်ပုတ် သတ်ပုတ်'နေကြပေ။
ဆွေမျိုးမိတ်ဆွေ ပမာထား
ပျော်ပျော်ရွှင်ရွှင် လာကစား
လက်သမားဆရာရဲ့ မေတ္တာစကား။ ။

# သင်္ချာ ဉာဏ်ရည်

မဖူးဖူး

**တေဇကလေးတို့ရေ . . .**

အလွန်တော်တဲ့ကလေးတွေနဲ့ Sudoku ဆိုတဲ့ ဉာဏ်ရည်မြင့်ကစားနည်းလေးကို ကစားကြည့်ရအောင်။ ဒီကစားနည်းဟာ လေးထောင့်ကွက်တစ်ခုချင်းစီထဲမှာ ၁ ကနေ ၉ အထိ ဂဏန်းအားလုံးကို ပြည့်အောင်ထည့်ပေးရမှာဖြစ်တယ်။ ပထမအကွက်ထဲမှာ ၁ ကနေ ၉ အထိ ပြည့်အောင်ဖြည့်၊ ပြီးရင် ဒုတိယအကွက်ထဲကို ၁ ကနေ ၉ အထိ ပြည့်အောင်ဖြည့်။ ဒီလိုနဲ့ အကွက် ၉ ကွက်စလုံး ပြည့်အောင်ဖြည့်ပြီးရင် အတန်းလိုက်ရော ဒေါင်လိုက်အကွက်လေးတွေ ၉ ကွက်စလုံးမှာပါ ၁ ကနေ ၉ အထိ ဂဏန်းတွေ မထပ်စေရဘဲဖြစ်နေရပါမယ်။

လွယ်တယ်ထင်ပေမဲ့ ဉာဏ်အတော်သုံးရမဲ့ ကစားနည်းလေးပါ။ ဂဏန်းအားလုံးဖြည့်ပြီးရင် ဘယ်အတန်းလိုက်မဆို၊ ဘယ်အကွက်ထဲမဆို အားလုံးကိုကြည့်လိုက်ရင် ၁ ကနေ ၉ အထိ ဂဏန်းတွေဟာ မထပ်ဘဲ ပြည့်စုံနေရပါမယ်။ ကစားကြည့်လိုက်ကြရအောင်။ အဖြေကို စာမျက်နှာတစ်နေရာမှာ ဖော်ပြထားပါတယ်။ ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | 1 | 6 | | 2 | |
| | 8 | | 3 | | 7 | | | |
| 2 | | 9 | | | 4 | | | |
| 7 | | 6 | | | | 3 | | 9 |
| 4 | | | | | | | | 1 |
| 1 | 5 | | | | | | 4 | |
| 6 | | | | | | | | |
| | | | | | | | 5 | 3 |
| | | | 6 | | 5 | 9 | | |

စာစီစာကုံးပြိုင်ပွဲ

ပထမဆု



မအင်ကြင်းမေ
အဌမတန်း
အ–ထ–က(၁)၊ မလှိုင်မြို့၊
မန္တလေးတိုင်းဒေသကြီး။

# ကျေးလက်ညနေခင်း

သီတင်းကျွတ်ရက်ရှည်ကျောင်းပိတ်ရက်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့၏ ညနေခင်းတွင် ကျွန်မတို့မိသားစုသည် မေမေ့မိဘများ၏ မွေးရပ်မြေရွာလေးသို့ ခရီးတိုထွက်ခဲ့ကြသည်။ ထိုရွာလေးမှာ ကျွန်မတို့နေသော မလှိုင်မြို့နှင့် ၈ မိုင်ခန့်ဝေးသော မြို့၏အနောက်ဘက်ရှိ ညောင်ကုန်းရွာလေးပင်ဖြစ်ပါသည်။ ကျွန်မတို့မိသားစုသည် ရွာရှိ မေမေ၏ဆွေမျိုး သက်ကြီးဝါကြီးများအား ကန်တော့ရန်သွားခဲ့ကြခြင်းဖြစ်သည်။

မြို့မှစထွက်စဉ် မီးရထားသံလမ်းကိုကျော်ကာ ရွာလမ်းတစ်လျှောက် ကတ္တရာလမ်းပေါ်ကားမောင်းလာရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် ကျေးလက်ညနေခင်း၏ ထူးခြားလှသောရှုခင်းများကို ကျွန်မတို့တွေ့မြင်ရပါသည်။ ထိုကျေးလက်လမ်းကလေးမှာ ယခင်က မြေသားလမ်းသာဖြစ်ပြီး မိုးရွာလျှင် ချိုင့်ခွက်များနှင့် အလွန်လမ်းဆိုးပြီး သွားရလာရခက်ခဲသော တောလမ်းကလေးဖြစ်လေသည်။ ယခုအခါ ထိုမြေသားလမ်းကလေးမှာ ကတ္တရာလမ်းအဖြစ်သို့ ယခင်နှစ်ကပင် နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဖြင့် လမ်းခင်းပေးခဲ့ခြင်းဖြစ်လေသည်။ ထို့ကြောင့် ဆိုင်ကယ်များ၊ ကားများ အချိန်မရွေး ရာသီမရွေး မိနစ်အနည်းငယ်ဖြင့် မြို့သို့သွားရောက်နိုင်ပြီဖြစ်သည်။

ရွာလမ်းတစ်လျှောက် ဦးစွာတွေ့မြင်ရသည်မှာ အညာဒေသ၏ ပြရုပ်တစ်ခုဖြစ်သော ထန်းတောများပင်ဖြစ်သည်။ ထန်းပင်များသည် လယ်ကွက်များ၏ ကန်သင်းရိုးတစ်လျှောက် အစီအရီပေါက်နေသည်မှာ ကြည့်၍အလွန်လှပသော ကျေးလက်ညနေခင်းပင် ဖြစ်သည်။ ထိုထန်းပင်များသည် လွန်ခဲ့သောနှစ်ပေါင်းရာချီကတည်းကပင် ရှေးလူကြီးများက သေချာစွာစိုက်ပျိုးထားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ထန်းပင်များမှရရှိသော ထန်းလျက်ခဲများကို ကျွန်မတို့နိုင်ငံသူ၊ နိုင်ငံသားများသည် မြန်မာ့ရိုးရာအစားအစာတစ်ခုအဖြစ် ယနေ့ထိတိုင်စားသုံးနေကြဆဲဖြစ်သည်။ ထန်းတောထဲတွင် ထန်းသမားဦးကြီးများ ထန်းတက်နေကြပုံမှာ ကျေးလက်ညနေခင်း၏ လှပသောပန်းချီကားတစ်ချပ်နှင့်ပင်တူပေသည်။ ထန်းတက်သမားဦးကြီးများ ရင်းထောင်ကိုထမ်းကာ ထန်းရည်အိုးများအားခါးတွင်ချိတ်ဆွဲလာပုံမှာ 'ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ…' ဟူသည့် ကဗျာစာသားနှင့်တူပေသည်။ ရွာသို့သွားရာလမ်းဘေးဝဲယာတစ်လျှောက်တွင် ထန်းလျက်ဖိုတဲလေးများ ဟိုတစ်စုသည်တစ်စုဆောက်ထားသည်ကို တွေ့မြင်ရလေသည်။ ကျွန်မတို့ မိသားစုသည် ထန်းတဲလေးတစ်ခုသို့ဝင်ကာ ထန်းရည်ချိုများသောက်သုံးခဲ့ကြသည်။ ထန်းသမားမိသားစုသည် အလွန်ရိုးသားဖြူစင်သောကြောင့် ထန်းရည်ချိုဖိုးမယူခဲ့ချေ။ သဒ္ဒါတရားပြည့်ဝကြလေသည်။ ထိုသို့ ထန်းရည်ချိုတိုက်ရခြင်းကြောင့် ထန်းလျက်အချိန်လျော့မသွားဘဲ ပိုမိုအထွက်နှုန်းတိုးသည်ဟု ထန်းသမားဦးကြီးကပြောသည်။ ထိုတဲကလေးများအနီးတွင် ကလေးများလွတ်လပ်

ပေါ့ပါးစွာ ဆော့ကစားနေကြပုံမှာ ကျေးလက်ညနေခင်း၏ ပုံရိပ်အချို့ ပင်ဖြစ်သည်။ ဦးကြီးများ၏ ဇနီးများ ကလည်း ထန်းရည်မြေအိုးများကို ကူသယ်ပေးနေကြပုံမှာ ကြည်နူးစရာ ကျေးလက်ညနေခင်း၏မြင်ကွင်း များပင် ဖြစ်လေသည်။

ကျွန်မတို့သည် ရှေ့သို့ဆက် ၍လာရာ လမ်းဘေးတစ်လျှောက် တွင် နှမ်းစိုက်ခင်းများ၊ မြေပဲစိုက် ခင်းများ၊ ပဲစိုက်ခင်းများ၊ ဝါစိုက် ခင်းများဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးထား ကြသည့် တောင်ယာခင်းများကိုတွေ့ မြင်ရလေသည်။ ထိုတောင်ယာခင်း များမှ တောင်သူဦးကြီးများ အိမ် ပြန်ကြရန်ပြင်ဆင်နေကြလေသည်။ တောင်သူဦးကြီးများက နွားများကို လှည်းများတွင်တပ်၍ လယ်ယာသုံး ပစ္စည်းများ နွားလှည်းပေါ်သို့တင် ကာ လုပ်ငန်းခွင်သိမ်းရန် ပြင်ဆင် နေကြပုံမှာ ကျေးလက်ညနေခင်း၏ မရိုးနိုင်သော သဘာဝမြင်ကွင်းပင် ဖြစ်ပေသည်။ ထို့အတူ လုံမပျိုလေး များကလည်း တောလေ့သီချင်းများ ဆိုညည်းကာ လုပ်ငန်းခွင်မှပြန်လာပုံ ကိုမြင်တွေ့ရသည်မှာလည်း ကြည်နူး ဖွယ်ကောင်းလှပါသည်။

ရွာလမ်းဘေးတစ်လျှောက် တွင် ခရီးသွားများနားနေရန် ဇရပ် များဆောက်လုပ်လှူဒါန်းထား သည်ကို တွေ့မြင်ရလေသည်။ ထိုဇရပ်များပေါ်တွင် ရေချမ်းစင် ကလေးများတည်ထားလေသည်။ ကျွန်မတို့သည် ဇရပ်တစ်ခုတွင် ခေတ္တနား၍ ရေချမ်းစင်မှရေများကို သောက်သုံးရာ ထိုရေမှာအလွန်ပင် အေးမြလှပါသည်။ ရေချမ်းစင်မှ ရေအေးလေးမှာ ရေခဲရေနှင့်မတူဘဲ ရေစိုသဲလေးတွင်မြှုပ်ထားသည့် မြေရေအိုးလေးမှ အုန်းမှုတ်ခွက် လေးဖြင့် ခပ်ယူသောက်သုံးရသည့် ကျေးလက်၏ရိုးရာသဘာဝတစ်ခု ပင်ဖြစ်လေသည်။ ထိုဇရပ်လေးအနီး တွင် တောခလေ့အကြော်ဆိုင်လေး တစ်ဆိုင်ကိုတွေ့ရလေသည်။ ကျွန်မ တို့မိသားစုလည်း အကြော်ဆိုင်လေး သို့ဝင်ကာ တောခလေ့အကြော်စုံများ ကို ရေနွေးကြမ်းနှင့်တွဲ၍ မြိန်ရှက် စွာ စားသောက်ခဲ့ကြသည်။ နေဝင် ချိန်ဆည်းဆာ၏အလှနှင့် ပူနွေး သောအကြော်စုံတို့မှာ ကျေးလက် ညနေခင်း၏ အလှတရားတို့ကို ပိုမိုပေါ်လွင်ထင်ဟပ်စေပါသည်။

ထိုမှဆက်၍သွားခဲ့ရာ ရွာ မဝင်မီ အလွန်လှပသော အင်္ဂလိပ် အက္ခရာ ‘ဝိုင်’ပုံစံ စမ်းချောင်းလေး ကိုတွေ့ရပေသည်။ ထိုစမ်းချောင်း လေးသည် ရွာ၏အရှေ့ဘက်တွင် ရှိ၍ တောင်မှမြောက်သို့ စီးဆင်းနေ လေသည်။ စမ်းချောင်းကလေး၏ တစ်ဖက်တစ်ချက်တွင် ကျေးရွာ ကလေးများ ဟိုတစ်ရွာသည်တစ် ရွာ တည်ရှိနေကြသည်မှာ ချောင်း ရိုးရွာကလေးများဟု အမည်သမုတ် ရလောက်ပေသည်။ စမ်းချောင်း လေးအတွင်း စီးဆင်းနေသည့်ရေ များမှာ ကြည်လင်အေးမြလေသည်။ သဲသောင်များမှာလည်း ဖြူဖွေး၍ လှပနေပေရာ ကျေးလက်ညနေခင်း နှင့် လိုက်ဖက်လှသည်။ စမ်းချောင်း လေးအတွင်းသို့ ရွာသူ၊ ရွာသားများ သည် ယာတောမှအပြန် ရေချိုးဆင်း လာကြပုံမှာ ကျေးလက်ညနေခင်း ၏ သဘာဝပင်ဖြစ်လေသည်။

ကျွန်မတို့မိသားစုသည် ချောင်းကလေးပေါ်တွင် တည် ဆောက်ထားသည့် ကွန်ကရစ် တံတားကြီးပေါ်မှဖြတ်ကာ ရွာထဲ သို့ ကုန်းတက်လေးအတိုင်း တက်၍ ဝင်လာခဲ့လေသည်။ ထိုတံတား သည် မကြာမီကမှ ဆောက်လုပ် ထားခြင်းဖြစ်သည်။ ယခင် တံတား မထိုးမီက မိုးတွင်းဘက်မိုးရွာလျှင် ချောင်းကိုကူး၍မရ။ ယခုအခါ တံတားဆောက်ပြီးသွား၍ အချိန် ပြည့်ဖြတ်သန်းသွားလာနိုင်သည် ဖြစ်လေရာ ရွာသားများ ဝမ်းသာ အားရဖြစ်နေကြသည်။ တံတား လေးပေါ်မှ လှမ်းမျှော်ကြည့်လျှင် စိမ်းညို့အုပ်မှိုင်းနေသော ညောင် ကုန်းကျေးရွာလေးကို တွေ့မြင်ရ လေသည်။

ကျွန်မတို့သည် ရွာအတွင်း သို့ဝင်လာရာ ရွာလယ်လမ်းမထဲ၌ စားကျက်များမှပြန်လာသော နွားအုပ် များ၊ ဆိတ်အုပ်များ၊ သိုးအုပ်များ စသည်ဖြင့် တစ်အုပ်ပြီးတစ်အုပ်တွေ့ မြင်ရသည်မှာလည်း ကျေးလက် ညနေခင်း၏ ရှုမငြီးနိုင်ဖွယ်ရာ သဘာဝတစ်ခုပင်ဖြစ်လေသည်။ ရွာလမ်းတစ်လျှောက် ဖုန်တလူးလူး ဖြင့် ဆော့ကစားနေကြသော ကလေး ငယ်များကို တွေ့မြင်ရလေသည်။ ယောကျ်ားလေးများသည် ဘောလုံး ကန်သည်ကတစ်စု၊ ဂျင်ပေါက်သည်

ကတစ်စုနှင့် ဆူညံစွာကစားနေကြ
သည်။ တစ်ဖက်တွင်လည်း မိန်း
ကလေးများက ထုပ်ဆီးတိုးတမ်း၊
ကြက်ဖခွပ်တမ်း၊ မထွေးအမိဖမ်း
စသည်ဖြင့် နည်းမျိုးစုံ စွာဆော့
ကစားနေကြပြီး ဖုန်တွေကလည်း
တလုံးလုံးနှင့် ကျေးလက်ညနေခင်း
၏ ထူးခြားဆန်းပြားလှသော
မြင်ကွင်းမျိုးပင်ဖြစ်သည်။

ရွာတောင်ဘက်တွင်ရှိသော
ရွာဦးစေတီသည် ရွှေရောင်အဆင်း
ဝင်းလက်နေခြင်းမဟုတ်၊ ထုံးဖြူဖွေး
သောစေတီတစ်ဆူပင် ဖြစ်သည်။
လိမ္မော်ရောင်အသွေးထင်းလှသည့်
နေမင်းကြီးမှာလည်း ထုံးဖြူဖွေးသော
ရွာဦးစေတီကို ဦးခိုက်ရှိခိုးနေသည်
နှင့်တူပေသည်။ ထို့ကြောင့် 'အနောက်
နေသည်၊ စေတီတစ်ဆူ၊ ထုံးဖြူဖြူ
ကို၊ ပူဇော်ကန်တော့ ခပ်ဖျော့ဖျော့
...'ဟူ၍ ခြင်းပွဲ'ကဗျာတွင် ရေးဖွဲ့
ထားခြင်းဖြစ်ပေသည်။ လူကြီးများ
၏ခြင်းဝိုင်းကိုလည်း စေတီခြေရင်း
တွင် ကဗျာနှင့်တစ်ထပ်တည်းကျ
လောက်အောင် တွေ့မြင်ရသည်မှာ
ကျေးလက်ညနေခင်းကိုလည်း ပိုမို
အရောင်ထင်ဟပ်နေစေသည်။

နေစောင်းလာသည်နှင့်အမျှ
ကောင်းကင်ပြင်ကြီးမှာ ကြေးဝါ
ရောင်မှ ကြေးနီရောင်၊ ကြေးနီရောင်
မှ ပတ္တမြားရောင်၊ ထိုမှ လိမ္မော်ရောင်
သို့ အဆင့်ဆင့်ပြောင်းလေပြီ။ သူရိန်
နေမင်းကြီးမှာလည်း အနောက်
အရပ်သို့ ဦးတည်ထွက်ခွာလျက်
ထိုသို့သောညနေခင်းဝယ် လယ်ယာ
များမှ တစ်စုတစ်ဖွဲ့ပြန်လာသော
ဦးကြီး၊ ဒေါ်ကြီးများ၊ လုံမပျိုလေး
များကို တွေ့မြင်ရပါသည်။ တစ်နေ့
တာလုံး လယ်ယာများတွင် စိုက်ပျိုး
ထွန်ယက်ကာ ကျွန်မတို့စားသုံး
နေကြသည့် ဆန်စပါး၊ ကောက်ပဲ
သီးနှံမျိုးစုံကိုစိုက်ပျိုးပေးကြသော
ကျေးဇူးရှင်တောင်သူဦးကြီးများ
ပင်ဖြစ်လေသည်။ လုံမပျိုလေးများ
သည် သောက်ရေတွင်းများဆီသို့
ရေခပ်ဆင်းလာကြသည်မှာလည်း
ညနေဆည်းဆာ၏အလှနှင့်အပြိုင်
ကျေးလက်ညနေခင်းကို ဖန်တီးထား
ပေသည်။ အမျိုးသမီးငယ်လေးများ
၏မျက်နှာဝယ် ဝင်းဝါသောသနပ်ခါး၊
ဆံထက်တွင် အုန်းဆီရွှဲပြီး နက်
မှောင်လွန်းသော ကျစ်ဆံမြီးကို
သေသပ်စွာကျစ်၍ မြန်မာဆန်စွာ
ရင်ဖုံးအင်္ကျီနှင့်ထဘီတို့ကို ဝတ်ဆင်
ထားသည်မှာ မြန်မာ့ရိုးရာယဉ်ကျေး
မှုမပျောက်ပျက်အောင် ထိန်းသိမ်း
ထားခြင်းဖြစ်သကဲ့သို့ ကျေးလက်
ညနေခင်းနှင့် ယှဉ်တွဲလျက်ရှိသော
မြင်ကွင်းများပင်ဖြစ်လေသည်။

'နေလုံးနီနီ ဝင်လုပြီ၊ လေ
ပြည်ကသွေး ခပ်အေးအေး'ဟူသည့်
ကဗျာစာသားလေးအတိုင်းပင်
မှောင်ရီပျိုးစနေဝင်ချိန်သို့ ရောက်ရှိ
လာပေတော့မည်။ ကျေးရွာ၏
အနောက်ဘက်ကောင်းကင်ဆီမှ
တောင်တန်းကြီးနောက်သို့ တိမ်
မြုပ်ပျောက်ကွယ်တော့မည့် နေ
မင်းကြီးမှာ ပုစွန်ဆီရောင်တို့ဖြင့်
ပန်းချီကားချပ်သဖွယ် ဆေးခြယ်
ထားသည့်အလား နှုတ်ဆက်ထွက်
ခွာသွားသည်မှာ ကျေးလက်ညနေ
ခင်း၏ နှိုင်းယှဉ်စရာမရှိသော
ပန်းချီကားတစ်ချပ်ပင် ဖြစ်ပေ
သည်။ ။

**မအင်ကြင်းမေ**

---

## ဆုရွေးချယ်ရေးအဖွဲ့၏ ပြန်ကြားချက်


'ကျေးလက်ညနေခင်း' စာစီစာကုံးများကို ဆုရွေးချယ်ရေးအဖွဲ့က အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ရာ အ-ထ-က(၁)၊ မလှိုင်မြို့က မအင်ကြင်းမေကို ပထမဆုအဖြစ်လည်းကောင်း၊ ခေတ်သစ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဗန်းမော်မြို့က မအောင်ဆိုင်းအိန်ကို ဒုတိယဆုအဖြစ်လည်းကောင်း၊ ခေတ်သစ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဗန်းမော်မြို့က မနန်းဆုမြတ်ရွှေစင်ကို တတိယဆုအဖြစ်လည်းကောင်း ရွေးချယ်ဖော်ပြထားပါသည်။

နောင်တေဇ

# ဝင်္ကပါလမ်း

**တေဇကလေးတို့ရေ . . .**

တစ်ကြိမ်တည်းနဲ့ လမ်းမမှားဘဲ သွားနိုင်မလား။ (တစ်ကြိမ်တည်း)နော်။ ။




# ရှာမယ်၊ ဖြည့်မယ်

ခွေး

တေဇကလေးတို့ရေ . . .

ပျောက်နေတဲ့အကောင်လေးတွေကို ရှာဖွေဖြည့်ကြရအောင်။ ဒီကစားနည်းလေးက ကလေးတို့ရဲ့ဦးနှောက်စွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေပါမယ်။ ဘယ်အရာက ဘာလဲဆိုတာ တွေးခေါ်တတ်စေလိမ့်မယ်။ ကိုင်း . . . စကြရအောင်နော်။ ။



# တီတီလေးနဲ့ ပုံဆွဲမယ်

TTL



တေဇကလေးတို့ရေ . . .

ပုံဆွဲဖို့ဝါသနာပါပေမဲ့ ဆွဲရခက်နေတဲ့ကလေးတွေ ရှိကြပါလိမ့်မယ်။ ဘာမှ သောကရောက်မနေကြပါနဲ့နော်။ တီတီလေးဖြေရှင်းပေးပါ့မယ်။ ဖော်ပြပါပုံလေးမှာ နံပါတ်ကလေးတွေနဲ့ပြထားတဲ့ အစက်ကလေးတွေကို (1)ကစပြီး အစဉ်လိုက် တစ်ဆက်တည်းရေးဆွဲသွားရင် ပုံလေးတစ်ပုံကို ရေးဆွဲပြီးသားဖြစ်သွားလိမ့်မယ်။ ဒီလိုပုံမျိုးတွေကို မကြာခဏလေ့ကျင့်ရေးဆွဲပေးရင် အကောင်လေးတွေရဲ့ ပုံပန်းသွင်ပြင်ဟန်ကိုသိလာပြီး ပန်းချီရေးဆွဲရာမှာ အထောက်အကူဖြစ်လာပါလိမ့်မယ်။ ပုံဆွဲပြီးရင် ဆေးရောင်လဲ ခြယ်လို့ရသေးတယ်နော်။ ။



# ၂၀၂၄ ခုနှစ်၊ တေဇရုပ်စုံစာစောင်
# စာစီစာကုံးပြိုင်ပွဲအတွက်
# လအလိုက် ယှဉ်ပြိုင်ရမည့်ခေါင်းစဉ်များ

| စဉ် | လအမည် | ခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁ | ဇန်နဝါရီလ | ကျေးလက်ညနေခင်း | ၃၀–၁၁–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၂ | ဖေဖော်ဝါရီလ | မြန်မာ့ရိုးရာထမနဲပွဲတော် | ၃၁–၁၂–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၃ | မတ်လ | ဖွဲ့ကိုရင်းလျှင် အောင်ပွဲဆင် | ၃၁–၁–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၄ | ဧပြီလ | ရေသဘင်ပွဲတော် | ၂၉–၂–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၅ | မေလ | ကဆုန်လပြည့် ဗုဒ္ဓနေ့ | ၃၁–၃–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၆ | ဇွန်လ | လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် | ၃၀–၄–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၇ | ဇူလိုင်လ | ဖူးမြော်ခဲ့ရသောစေတီတော် | ၃၁–၅–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၈ | ဩဂုတ်လ | ငယ်စဉ်အခါ ပညာရှာ | ၃၀–၆–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၉ | စက်တင်ဘာလ | လူငယ်နှင့် ကိုယ်ကျင့်တရား | ၃၁–၇–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၁၀ | အောက်တိုဘာလ | မွန်မြတ်လှပဆရာ့ဘဝ | ၃၁–၈–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၁၁ | နိုဝင်ဘာလ | လှပသာယာပြည်မြန်မာ | ၃၀–၉–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၁၂ | ဒီဇင်ဘာလ | လူပ်ရှားတက်ကြွလူငယ်ဘဝ | ၃၁–၁၀–၂၀၂၄၊ ၁၆း၀၀ နာရီ |

ပြိုင်ပွဲဝင်စာစီစာကုံးများအား အောက်ပါလိပ်စာအတိုင်း ပေးပို့ရပါမည်–

သို့

တာဝန်ခံစာတည်း(တေဇရုပ်စုံ)
မြဝတီစာပေတိုက်
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊
မြဝတီမီဒီယာစင်တာ(မြေညီထပ်)
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉–၄၀၃၂၅၈၄၅၁



# တေဇရုပ်စုံစာစောင်
# လစဉ်စာစီစာကုံးပြိုင်ပွဲ

၁။ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသားလူငယ်များအနေဖြင့် စာစီစာကုံးရေးသားသည့် အလေ့အကျင့်များရရှိစေရန်နှင့် မြန်မာစာအရေးအသား မြင့်မားတိုးတက်စေရန်ရည်ရွယ်၍ မြဝတီစာပေတိုက်မှ လစဉ်ထုတ်ဝေလျက်ရှိသော တေဇရုပ်စုံစာစောင်တွင် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလမှစတင်ကာ စာစီစာကုံးပြိုင်ပွဲများကို လစဉ်ကျင်းပခဲ့ပါသည်။ ၂၀၂၄ ခုနှစ်အတွက် လအလိုက်သတ်မှတ်ထားသော ခေါင်းစဉ်များအတိုင်း ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ လစဉ်ပြိုင်ပွဲများတွင် ယခင်က ဆုရရှိသူများအား ပထမဆု ၇၀၀၀ ကျပ်၊ ဒုတိယဆု ၅၀၀၀ ကျပ်၊ တတိယဆု ၃၀၀၀ ကျပ် ဆုချီးမြှင့်ခဲ့ရာမှ ယခုအခါ ပထမဆု ၁၅၀၀၀ ကျပ်၊ ဒုတိယဆု ၁၀၀၀၀ ကျပ်၊ တတိယဆု ၇၀၀၀ ကျပ်ဖြင့် ပြောင်းလဲ၍ ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ စာစီစာကုံးများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကျောင်းသား၊ ကျောင်းသူဖြစ်ကြောင်း အတန်းပိုင်ဆရာ၊ သို့မဟုတ် ကျောင်းအုပ်ကြီး၊ သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက် ပူးတွဲပါရှိရမည်။

၄။ လစဉ်ပေးထားသောခေါင်းစဉ်နှင့်အညီ ရေးသားရမည်ဖြစ်ပြီး ကျောင်းသုံးဗလာစာရွက်ဖြင့် ၅ ရွက်မှ ၇ ရွက်အထိ စာမျက်နှာတစ်ဖက်တည်းသာရေးရမည်။ ကိုယ်တိုင်ရေးဖြစ်ရမည်။ နိုင်ငံသားမှတ်ပုံတင်ကတ်ပြား၊ သို့မဟုတ် ကျောင်းသားကတ်မိတ္တူ ပူးတွဲပါရှိရမည်။ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ကျောင်းလိပ်စာနှင့် အတန်း၊ အသက်တို့ကို အပြည့်အစုံဖော်ပြရမည်။ ပတ်စပို့ဓာတ်ပုံ တစ်ပုံပါ ပူးတွဲပေးပို့ရမည်။

၅။ လစဉ် ပထမဆုရရှိသည့် စာစီစာကုံးများကို ၂ လကျော် တေဇရုပ်စုံစာစောင်တွင် ဖော်ပြသွားမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရစာစီစာကုံးများကို နောင်အခါတွင် စာအုပ်အဖြစ်ထုတ်ဝေသွားရန် အစီအစဉ်ရှိပါသည်။ ။




စာတည်းအဖွဲ့
တေဇရုပ်စုံစာစောင်

# လျှပ်စစ်အမှုန် (Electric Charge) အကြောင်း သိကောင်းစရာ

ဒေါက်တာသန့်စင်(ရူပဗေဒ)



လျှပ်စစ်အမှုန်များကို စတင်တွေ့ရှိခဲ့တဲ့ သိပ္ပံပညာရှင်ကတော့ ဘင်ဂျမင် ဖရန်ကလင် (Benjamin Franklin) ဖြစ်ပါတယ်။ သူဟာ အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်ကာ ၁၇၄၂ ခုနှစ် မိုးရာသီအချိန် လေထဲမှာ စိုနေတဲ့စွန်(Kite) ကိုလွှတ်ကာ စွန်ရဲ့အစွန်းမှာ သော့ချိတ်တစ်ခုကို ချိတ်ဆွဲပြီး လေထဲကိုလွှတ်တင်လိုက်ပါတယ်။ မိုးရာသီအချိန်ဖြစ်လို့ ကောင်းကင်ရှိ တိမ်တိုက်များအချင်းချင်း ပွတ်တိုက်မိကာ မိုးခြိမ်းပြီးလျှပ်စစ်များထွက်ပေါ်လာခဲ့ပါတယ်။ လျှပ်စစ်များဟာ



Vande Graaff generator




စွန်ကြိုးကနေတစ်ဆင့် လျှပ်ကူးပစ္စည်းဖြစ်တဲ့ သော့ချိတ်ဆီကူးသွားတာကို တွေ့ရပါတယ်။ ဒီအဖြစ်အပျက်ကနေတစ်ဆင့် လျှပ်စစ်များကို စတင်တွေ့ရှိခဲ့ပါတယ်။ လျှပ်စစ်အမှုန်များကို အပေါင်းလျှပ်စစ်အမှုန်(Positive Charge) နဲ့ အနုတ်လျှပ်စစ်အမှုန် (Negative Charge) ဆိုပြီး အမည်ပေးခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး လျှပ်စစ်ပညာရပ်ကို စတင်လိုက်စားလာကြရာ လျှပ်စစ်များကို ဘယ်လိုမျိုးထုတ်ယူကြမယ်၊ ရရှိတဲ့လျှပ်စီးကြောင်းများကို ဘယ်လိုမျိုးအသုံးချရမယ်ဆိုတာကို လက်တွေ့လုပ်ဆောင်လာကြပါတယ်။ ဗန်ဒီဂရပ်လျှပ်စစ်ထုတ်စက်(Vande Graaff Generator) နဲ့ လျှပ်စစ်များကို ထုတ်လုပ်လာနိုင်ကြပါတယ်။

ပြင်သစ်နိုင်ငံသား ရူပဗေဒပညာရှင် ကူးလောင်း (Coulomb) က လျှပ်စစ်များဟာ မျိုးတူအချင်းချင်းတွန်းကန်ကြပြီး မျိုးမတူပါက ဆွဲငင်ကြောင်းနဲ့ လျှပ်စစ်ရဲ့ဆွဲအား၊ တွန်းအားဟာ လျှပ်စစ်အမှုန်များအကြား အကွာအဝေးရဲ့ နှစ်ထပ်ကိန်းနဲ့ ပြောင်းပြန်အချိုးကျတာကို နိယာမတစ်ခုအဖြစ် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒါကို ကူးလောင်းနိယာမ (Coulomb's Law) လို့ ခေါ်ပါတယ်။ တစ်နည်းအားဖြင့် လျှပ်စစ်အဖိုနဲ့ လျှပ်စစ်အမတို့ဟာ အချင်းချင်းဆွဲငင်ကြပြီး လျှပ်စစ်အဖိုအချင်းချင်း၊ အမအချင်းချင်း တွန်းကန်ကြပါတယ်။ ရူပဗေဒပညာရှင်ကြီးကူးလောင်းကို ဂုဏ်ပြုတဲ့အနေ







နဲ့ လျှပ်စစ်များရဲ့ယူနစ်ကို Coulomb (C) လို့ သတ်မှတ်ခဲ့ပါတယ်။

လက်တွေ့မှာ ပွတ်တိုက်ခြင်းဖြင့်လဲ လျှပ်စစ်များကို စမ်းသပ်နိုင်ပါတယ်။ ပလတ်စတစ်ချောင်း၊ ဖန်ချောင်း စတာတွေကို သင့်လျော်တဲ့ အဝတ်စတစ်ခု(သိုးမွေးစ၊ ပိုးစ) နဲ့ ပွတ်တိုက်ပါကလဲ လျှပ်စစ်အဖိုနဲ့ အမများ ထွက်လာပါတယ်။ မိုးရာသီတိမ်တိုက်များတွင် လျှပ်စစ်ဓာတ်များစုဝေးလာကာ တိမ်တိုက်များရွေ့လျားပြီး အချင်းချင်းပွတ်တိုက်ပါက လျှပ်စစ်ကူးခြင်းဖြစ်ပေါ်ကာ မိုးခြိမ်းတာကို ကောင်းကင်တွင် တွေ့မြင်နိုင်ပါတယ်။

တစ်ခါတစ်ရံမှာ ဓာတ်ဆီထည့်ထားတဲ့ သံပီပါများတွင် ဓာတ်ဆီကို သံနဲ့ပြုလုပ်ထားတဲ့ ဓာတ်ဆီထုတ်ယူတဲ့ ကိရိယာနဲ့ ထုတ်ယူပါက သံအချင်းချင်းပွတ်တိုက်ကာ လျှပ်စစ်မီးပွားများ ပွင့်ထွက်လာတတ်ပြီး မီးလောင်မှုဖြစ်တတ်ပါတယ်။ ဓာတ်ဆီသယ်ယူတဲ့ ကားများမှာလဲ တည်ငြိမ်လျှပ်စစ်များ ထွက်ပေါ်လာတတ်ပါတယ်။ လျှပ်စစ်များ ဝိုင်ယာကြိုးအတွင်းစီးဆင်းနေတာကို လျှပ်စီးကြောင်းလို့ခေါ်ပြီး သူတို့ရဲ့ယူနစ်ကို အမ်ပီယာ (Ampere)လို့ သတ်မှတ်ပါတယ်။ လျှပ်စီးကြောင်းတွင် လျှပ်စစ်အဖိုစီးကြောင်းနဲ့ လျှပ်စစ်အမစီးကြောင်းဆိုပြီး ခွဲခြားထားပါတယ်။ ဘက်ထရီအိုးများမှာလဲ လျှပ်စစ်အဖိုငုတ်နဲ့ လျှပ်စစ်အမငုတ်ဆိုပြီး သတ်မှတ်ထားကာ ဘက်ထရီကထွက်လာတဲ့ လျှပ်စီးကြောင်းကို တစ်ဖက်သွားလျှပ်စီးကြောင်း DC (Direct Current) လို့ ခေါ်ပါတယ်။ အိမ်သုံးလျှပ်စစ်များတွင် လျှပ်စစ်အဖိုကြိုးနဲ့ လျှပ်စစ်အမကြိုးများရှိ လျှပ်စီးကြောင်းများ အပြန်အလှန်စီးဆင်းနေတာကို ပြန်လှန်လျှပ်စီး AC (Alternating Current) လို့ ခေါ်ပါတယ်။




လျှပ်စစ်(Electric)ကို စတင်တွေ့ရှိခဲ့တဲ့ အချိန်ကစပြီး လူသားတွေဟာ လက်တွေ့နယ်ပယ်မှာ အကျိုးရှိစွာ အသုံးချလာကြရာ ယနေ့ကမ္ဘာတွင် လျှပ်စစ်စွမ်းအင်ကို အကျိုးရှိစွာ အသုံးပြုနေကြပြီဖြစ်ပါတယ်။ ။

**ဒေါက်တာသန့်စင်**
**(ရူပဗေဒ)**

# ဥရောပ ဘောလုံးလောကမှာ တောက်ပနေတဲ့ မြန်မာနိုင်ငံသူ ဒေါက်တာကိုင်ဝင်း (Kai Win)

သန့်သူရ

**တေဇကလေးတို့ရေ...**

ဒီလမှာတော့ ကလေးတို့အတွက် အတုယူအားကျစရာကောင်းတဲ့ မြန်မာလူမျိုးဆရာဝန်တစ်ဦးရဲ့အကြောင်းကို ပြောပြချင်ပါတယ်။ သူကတော့ မြန်မာနိုင်ငံမှာမွေးပြီး မြန်မာနိုင်ငံမှာ ဆေးကျောင်းတက်ကာ ဆရာဝန်ဖြစ်ခဲ့သူပါ။ သူ့အမည်ကတော့ ဒေါက်တာကိုင်ဝင်း(Kai Win) ဖြစ်ပါတယ်။

သူ့ရဲ့ငယ်အိပ်မက်ကတော့ နှလုံးအထူးကုဆရာဝန်ကြီးဖြစ်ချင်ခဲ့တာပါ။ ဒါပေမဲ့ အားကစားကို ချစ်မြတ်နိုးတဲ့စိတ်ကြောင့် ဘောလုံးကလပ်အသင်းတွေမှာ ဆရာဝန်ဖြစ်လာခဲ့ပါတယ်။ ဒေါက်တာကိုင်ဝင်း(Kai Win) ဟာ အရင်က ရေကူး၊ ပြေးခုန်ပစ်၊ ဟော်ကီနဲ့ ဘော်လီဘော စတဲ့ အားကစားမျိုးစုံမှာ အလုပ်လုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှာတော့ လန်ဒန်အိုလံပစ်ဆေးဘက်ဆိုင်ရာအဖွဲ့ထဲ ပါဝင်ခွင့်ရရှိခဲ့ပါတယ်။

သူဟာ အခုလက်ရှိမှာတော့ ပရီးမီးယားလိဂ်ကလပ်အသင်းတစ်ခုဖြစ်တဲ့ ဝုဖ်ဗာဟမ်တန်အသင်းရဲ့ ဆရာဝန်အဖြစ် တာဝန်ယူနေသူတစ်ယောက်ဖြစ်ပါတယ်။ ဝုဖ်ဗာဟမ်တန်အသင်းကို မရောက်ခင် ဘာမင်ဂမ်စီးတီးအသင်းမှာ ပထမဆုံး ကလပ်အသင်းရဲ့ဆရာဝန်အဖြစ် အတွေ့အကြုံရရှိခဲ့ပါတယ်။ အင်္ဂလန်ဘောလုံးလောကမှာ ၁၀ နှစ်နီးပါး အလုပ်လုပ်ခဲ့တာဖြစ်ပါတယ်။

ဒေါက်တာကိုင်ဝင်း (Kai Win) ဟာ ကျွန်တော်တို့မြန်မာတွေအတွက် ဂုဏ်ယူအတုယူစရာပါ။ အင်္ဂလန်ပရီးမီးယားလိဂ်မှာလဲ မြန်မာတွေရှိလာပြီဆိုတာ ပြောလို့ရပြီပေါ့။ ဒေါက်တာ ကိုင်ဝင်း(Kai Win)ရဲ့ ကြိုးစားမှုကတော့ အာရှတိုက်ကိုကျော်လွန်ပြီး ဥရောပတိုက်အထိ မွှေးပျံ့စေတယ်ဆိုတာ မလွဲဧကန်ပါပဲဗျာလို့ ဆိုချင်ပါတယ်။ ။

သန့်သူရ



တီတီပုံပြောမယ်

# လူလေးရဲ့ပန်းသီးပင်

မြရတီ(ဒဿနိက)

ဟိုးရှေးရှေးတုန်းက ရွာလေးတစ်ရွာရဲ့မလှမ်းမကမ်းက တောင်စောင်းကလေးတစ်ခုပေါ်မှာ ပန်းသီးပင်ကြီးတစ်ပင်ရှိတယ်ကွဲ့။ အဲဒီပန်းသီးပင်ကြီးမှာ ပန်းသီးတွေလဲ ဝေဝေဆာဆာသီးလို့နေတယ်။

လူငယ်လေးတစ်ယောက်ဟာ အဲဒီပန်းသီးပင်ကြီးဆီ မကြာခဏရောက်လာပြီး ရောက်တာနဲ့ ပန်းသီးပင်ကြီးအပေါ်ဖက်တက်တော့တာပဲတဲ့။ အပင်ပေါ်ရောက်တာနဲ့ ပန်းသီးတွေကို စိတ်ကြိုက်ခူးစားပြီး သဘောအကျကြီးကျနေတော့တာပေါ့။

ပန်းသီးပင်ကြီးကလဲ သူ့ရဲ့အသီးတွေကို လူငယ်လေး နှစ်နှစ်ခြိုက်ခြိုက်ခူးစားနေတာကိုတွေ့ရတော့ ပီတိဖြစ်လို့နေသတဲ့။ လူငယ်လေးဟာ ပန်းသီးတွေကို ဗိုက်ဝအောင်စားပြီးတာနဲ့ ပန်းသီးပင်ကြီးပေါ် တက်လိုက် ဆင်းလိုက်နဲ့ ပျော်ပျော်ရွှင်ရွှင် ဆော့ကစားလေ့ရှိသလို ပန်းသီးပင်ကြီးကိုလှည့်ပတ်ပြီး ခုန်ပေါက်ပြေးလွှားမြူးထူးနေတတ်



လေ့ရှိတယ်တဲ့။

အဲဒီလို လူငယ်လေးပျော်ရွှင်နေတာကိုကြည့်ပြီး ပန်းသီးပင်ကြီးကလဲ သဘောအကျကြီး ကျနေတာပေါ့ကွယ်။ ဆော့လို့မောရင် လူငယ်လေးဟာ ပန်းသီးပင်ကြီးရဲ့ အရိပ်အောက်မှာ တစ်ရေးတစ်မော အိပ်ပြန်ရောတဲ့။

ပန်းသီးပင်ကြီးကလဲ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတဲ့ လူငယ်လေးရဲ့ ကိုယ်ခန္ဓာအပေါ် နေပြောက်မထိုးရအောင် သူ့ရဲ့အရိပ်ကြီးနဲ့ ဂရုတစိုက်ကာကွယ်ပေးထားရင်း အဲဒီလို ပြုစုစောင့်ရှောက်ပေးနေရတာကိုပဲ အင်မတန် နှစ်သက်သဘောကျနေတယ်တဲ့ကွယ်။

အဲဒီလိုနဲ့ ရက်အတော်ကြာတော့ လူငယ်လေးပျောက်သွားရာက တစ်နေ့မှာတော့ ပန်းသီးပင်ကြီးဆီ လူငယ်လေးပြန်ရောက်လာပေမဲ့ ခါတိုင်းလို မဆော့မကစားတော့ဘဲ အပင်အောက်မှာ ငေးငေးငူငူကြီး ထိုင်နေသတဲ့။ လူငယ်လေးရဲ့ မရွှင်မပျဟန်ပန်ကိုတွေ့ရတော့ ပန်းသီးပင်ကြီးလဲ စိုးရိမ်ပူပန်သွားတာပေါ့။

"လူလေး မင်း ဘာဖြစ်လာလို့လဲကွယ်၊ ခါတိုင်းလို ကျုပ်ရဲ့အပင်ပေါ်ကိုလဲမတက်၊ ကျုပ်ရဲ့အသီးတွေကိုလဲ မစားတော့ပါလား၊ ပြီးတော့ ပျော်ပျော်ရွှင်ရွှင်လဲ မဆော့ကစားတော့ပါလားကွယ်"

"ကျွန်တော် စိတ်ညစ်နေလို့ပါဗျာ"

"ဘယ်လို…စိတ်ညစ်လို့ဟုတ်လား၊ ဘာ… ဘာဖြစ်လို့ စိတ်ညစ်နေရတာလဲကွဲ့"

"ကျွန်တော့်ရဲ့သူငယ်ချင်းတွေက စက်ရုပ်ကစားစရာလေးတွေဝယ်ပြီး ကစားနေကြပြီ ဦးကြီးသစ်ပင်ရဲ့၊ ကျွန်တော့်မှာတော့ ရွှံ့ရုပ်လေးတွေ၊ သစ်သားရုပ်လေးတွေနဲ့ပဲ ကစားနေရတယ်ဗျ၊ ကျွန်တော်လဲ သူတို့လို ခေတ်ပေါ်စက်ရုပ်လေးတွေနဲ့ ဆော့ကစားချင်လိုက်တာဗျာ၊ ဒါပေမဲ့ ကျွန်တော့်မှာ စက်ရုပ်လေးတွေကိုဝယ်ဖို့ ပိုက်ဆံမရှိဘူး၊ ဒါကြောင့် စိတ်ညစ်နေရတာပါ ဦးကြီးသစ်ပင်ရယ်"

"ဒါများကွာ…ဘာပူစရာရှိလဲ၊ ကျုပ်ရဲ့ပန်းသီးတွေကို အများကြီးခူးပြီး ဈေးမှာသွားရောင်းလိုက်ပေါ့ လူလေးရဲ့၊ အဲဒီလို ရောင်းရတဲ့ငွေတွေနဲ့ မင်းလိုချင်တဲ့စက်ရုပ်လေးတွေဝယ်ပေါ့ကွာ"

"ဟာ…ဟုတ်ပြီ၊ အဲဒီအကြံကောင်းတယ်"

လူငယ်လေးဟာ ပျော်ရွှင်သွားပြီး ရွာဆီပြန်သွားတယ်။ ခဏကြာတော့ ခြင်းတောင်းကြီးယူလာပြီး ပန်းသီးတွေရသလောက် ခူးဆွတ်တော့တယ်။ အဲဒီနောက် ရွာထဲကဈေးဆီသယ်သွားပြီး ရောင်းတော့သတဲ့။ ပန်းသီးရောင်းရငွေတွေနဲ့ သူ့စိတ်ကြိုက်စက်ရုပ်လေးတွေဝယ်ပြီး ပျော်ပျော်ကြီးဆော့ကစားနေတော့တာပေါ့ကွယ်။

ဒါပေမဲ့ လူငယ်လေးဟာ ကစားစရာစက်ရုပ်အသစ်တွေဝယ်ချင်တဲ့အခါမှသာ ပန်းသီးပင်ကြီးဆီ ရောက်လာပြီး ပန်းသီးတွေကိုခူးယူလေ့ရှိတယ်ကွဲ့။ ပန်းသီးပင်ကြီးကတော့ သူ့ဆီကို လူငယ်လေးရောက်မလာတဲ့နေ့တွေမှာ လွမ်းနေတာပေါ့ကွယ်။ ပန်းသီးတွေခူးယူဖို့ လူငယ်လေးရောက်လာတဲ့နေ့တွေမှာဆို ပန်းသီးပင်ကြီးဟာ ပျော်လွန်းလို့ သူ့ရဲ့သစ်ခက်သစ်ရွက်တွေဆိုတာ တဖျပ်ဖျပ်လှုပ်ခတ်နေကြတာပဲတဲ့။

အဲဒီနောက် နှစ်အနည်းငယ်အကြာမှာ လူငယ်လေး ပျောက်သွားပြန်ပါရော။ ပန်းသီးပင်ကြီးကတော့ တမျှော်မျှော်နဲ့ပေါ့ကွယ်။

နှစ်အတော်ကြာပြီးတဲ့တစ်နေ့မှာတော့ လူငယ်လေးဟာ ပန်းသီးပင်ကြီးဆီ ပြန်ရောက်လာတယ်ကွဲ့။ ဒါပေမဲ့ သူဟာ လူငယ်မဟုတ်တော့ဘဲ လူရွယ်တစ်ယောက်ဖြစ်နေခဲ့ပြီတဲ့။

"အို…လူလေး ကျုပ်ဆီကို မလာတာ ကြာပါပေါ့လားကွယ်"

"ဟုတ်တယ် ဦးကြီးသစ်ပင်ရေ… ကျွန်တော်လဲ အလုပ်ခွင်ဝင်နေလို့ မလာဖြစ်ဘူး၊ အခုတောင် ဦးကြီးသစ်ပင်ဆီက အကူအညီလိုလို့လာတာဗျ"

"အို…လူလေး အကူအညီလိုရင် ကျုပ်တတ်နိုင်တာဆိုပေးမှာပေါ့ကွယ်၊ ဒါပေမဲ့ ကျုပ်လဲ အသက်အရွယ်ကြီးပြီမို့ ပန်းသီးတွေ သိပ်မသီးနိုင်တော့ဘူးကွဲ့"

"ပန်းသီးလိုချင်လို့လာတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် အခု

အိမ်ထောင်ကျပြီး သားသမီးတွေ တောင် ရနေပြီဗျ၊ ဒါပေမဲ့ ကိုယ်ပိုင် အိမ်မရှိသေးတဲ့အတွက် ယောက္ခမ အိမ်မှာကပ်နေရတာ အဆင်မပြေ ပါဘူးဗျာ၊ ဒါကြောင့် ကိုယ်ပိုင်အိမ် လေးဆောက်ချင်လို့ ထုပ် လျှောက် ဒိုင်း မြားတွေအတွက် သစ်သားလို တာနဲ့ ဦးကြီးသစ်ပင်ဆီက ရနိုင် မလားလို့ လာခဲ့တာဗျ"

"အို...လူလေးအတွက်ဆိုရင် ရရမှာပေါ့ကွယ်၊ လူလေးလိုတဲ့သစ် တွေအတွက် ကျုပ်ရဲ့အကိုင်းအခက် တွေကို ကြိုက်သလောက်ခုတ်ယူ သွားပေတော့ကွယ်"

လူရွယ်လဲ ဝမ်းသာသွားပြီး အသင့်ယူဆောင်လာတဲ့ ပုဆိန်နဲ့ ပန်းသီးပင်ကြီးရဲ့ အကိုင်းအခက်တွေ ကို ခုတ်ဖြတ်တော့တယ်။ ပြီးတာနဲ့ သစ်ရွက်တွေကိုသင်ပြီး သစ်ချောင်း တွေကို သယ်ယူသွားတော့သတဲ့။

ပန်းသီးပင်ကြီးဟာ အကိုင်း အခက် အရွက်တွေမရှိတော့ဘဲ ပင်စည်ချည်းသက်သက် ကျန်ရစ်ခဲ့ ရပေမဲ့ သူ့ရဲ့လူလေးပျော်သွားတာ ကို ငေးကြည့်ရင်း ပီတိဝေဖြာမဆုံး ဖြစ်နေခဲ့တာပေါ့ကွယ်။

အဲဒီနောက်မှာတော့ သူ့ရဲ့ လူလေးဟာ နှစ်တွေအကြာပြီး ပေါ် မလာတော့ပါဘူး။ ပန်းသီးပင်ကြီး ကတော့ လွမ်းဆွတ်ရင်း တမျှော် မျှော်နဲ့ပေါ့။

တစ်နေ့မှာတော့ လူကြီး တစ်ဦးဖြစ်နေပြီဖြစ်တဲ့ သူ့ရဲ့လူ လေးဟာ လူငယ်နှစ်ယောက်နဲ့အတူ ရောက်ရှိလာပြန်သတဲ့။

"ဟော... လူလေးလာပြီ ဝမ်းသာလိုက်တာကွယ်၊ ဝမ်းသာ လိုက်တာ လူလေးရယ်၊ ဒါထက် ဘာအကူအညီလိုလို့လာတာလဲ ကွဲ့၊ ဒီသူငယ်လေးတွေကကော ဘယ်သူတွေလဲ လူလေးရဲ့"

"ကျွန်တော့်ရဲ့သားတွေ ပါ ဦးကြီးသစ်ပင်၊ ကျွန်တော်လဲ အသက်ကြီးလာပြီမို့ အလုပ်သိပ် မလုပ်နိုင်တော့တာနဲ့ ဟောဒီသား တွေကိုပဲ အားကိုးနေရတယ်ဗျာ"

"အဲဒါ ကျွန်တော့်သားတွေ က ပင်လယ်ပိုင်းထွက်ပြီး ငါးဖမ်းချင် လို့တဲ့ ဦးကြီးသစ်ပင်ရဲ့၊ ခက်တာက ပင်လယ်ထဲ ငါးထွက်ဖမ်းမယ်ဆို ရင် ငါးဖမ်းလှေကောင်းကောင်း တစ်စင်းလိုတယ်လေ၊ စပ်လှေထက် ထွင်းလှေ ဆိုပိုကောင်းတယ်လေ ဦးကြီးရဲ့"

"အင်း...ဟုတ်တာပေါ့"

"အဲဒါ ကျွန်တော်ကလဲ သား တွေကို လှေကောင်းကောင်းဝယ်ပေး ဖို့ မတတ်နိုင်တာနဲ့ ဦးကြီးသစ်ပင် ကိုသတိရပြီး အခုလာခဲ့တာ"

"ဘယ်....ဘယ်လို ကျုပ်က ဘာလုပ်ပေးနိုင်မှာမို့လို့လဲ လူလေး ရဲ့"

"ဦးကြီးသစ်ပင်လုပ်ပေးနိုင် ပါတယ်လေ၊ ဦးကြီးသစ်ပင်ရဲ့ ပင်စည်လုံးကြီးကိုသာ ကျွန်တော့် ကိုပေးနိုင်မယ်ဆိုရင် ထွင်းလှေ တစ်စင်းကောင်းကောင်းလုပ်လို့ရ မယ်လေ ဦးကြီးသစ်ပင်ရဲ့"

မမျှော်လင့်တဲ့စကားကိုကြား လိုက်ရတဲ့အတွက် ပန်းသီးပင်ကြီး ဟာ အံ့အားသင့်တုန်လှုပ်သွားပြီး စိတ်ထဲမှာလဲ ဝမ်းနည်းကြေကွဲသွား ရှာသတဲ့ကွယ်။

"ဩော်...လူလေးက ငါ့ရဲ့ ပင်စည်ကြီးကိုပါ တောင်းနေပါ လား"

"ဘယ်လိုလဲ ဦးကြီးသစ်ပင်၊ ကျွန်တော့်ရဲ့အခက်အခဲကို ကူညီ နိုင်မလား၊ ကျွန်တော့်ရဲ့သားတွေ အတွက် ကျွန်တော် တကယ်လိုအပ် နေလို့ပါ"

"ဩော်...အေးအေး...လူလေး လိုအပ်နေတယ်ဆိုတော့လဲ ပေးရမှာ ပေါ့ကွယ်၊ ယူပါ ယူပါ၊ လူလေး လိုချင်သလောက် ကျုပ်ရဲ့ပင်စည် ကိုဖြတ်ယူပါကွယ်"

အဲဒီအခါ ပန်းသီးပင်ကြီး က 'လူလေး'လို့ ချစ်စနိုးခေါ်ခေါ်နေ တဲ့သူဟာ ဝမ်းပန်းတသာဖြစ်သွား ပြီး သူ့သားနှစ်ယောက်ကို အသင့် ယူဆောင်လာတဲ့ ငါးမန်းစွယ်လွှနဲ့ ပန်းသီးပင်ကြီးရဲ့ပင်စည်အောက် ခြေနားကနေ ဖြတ်ဆွဲခိုင်းလိုက် တော့တယ်။ အတော်ကြီး ကြိုးစား ဖြတ်တောက်ပြီးတဲ့နောက် ပင်စည် လုံးကြီးကိုလှဲချလိုက်ပြီး တောင် စောင်းအတိုင်း လှိမ့်ချလို့တစ်မျိုး ကြိုးနဲ့ဆွဲလို့တစ်နည်း သယ်ဆောင် သွားကြတော့သတဲ့ကွယ်။

သစ်ငုတ်တိုကြီးအဖြစ်နဲ့သာ ကျန်ရစ်ခဲ့ရရှာတဲ့ ပန်းသီးပင် ငုတ်တိုကြီးကတော့ သူ့လူလေးရဲ့ ကျောနပ်သွားတဲ့ မျက်နှာကို သာ မြင်ယောင်ရင်း သက်ပြင်းရှည်ကြီး ချလိုက်ရှာတော့တယ်။

အဲဒီနောက်မှာတော့ နှစ်ပေါင်းများစွာကြာတဲ့အထိ ပန်းသီးပင်ကြီးရဲ့ လူလေးက ပေါ်မလာတော့ပါဘူး။ ဒါပေမဲ့ တစ်နေ့မှာတော့ တော်တော် အိုမင်းပြီး အားနည်းနေပုံရတဲ့ လူအိုကြီးတစ်ယောက်ဟာ တောင်ဝှေးလေးပေါ် တစ်လှမ်းချင်းအားယူပြီးတက်လှမ်းလာလေတယ်။

"ဟင်...လူလေး...လူလေး မဟုတ်လားဟင်"

"ဟုတ်...ဟုတ်ပါတယ် ဦးကြီးသစ်ပင်ရယ်"

အဲဒီလူအိုကြီးဟာ ပန်းသီးပင်ငုတ်တိုကြီးရဲ့ မြစ်ပျဉ်းတွေအကြားမှာ နွမ်းလျမောဟိုက်စွာ အသာထိုင်လိုက်လေတယ်။ ပန်းသီးပင်ငုတ်တိုကြီးကတော့ သူ့ရဲ့လူလေးကို စိတ်မကောင်းစွာငေးကြည့်နေတယ်တဲ့။

"လူလေးရယ်.... မင်းလဲ အတော်အသက်ကြီးသွားပြီပဲ၊ အခုကော ကျုပ်ဆီက ဘယ်လိုအကူအညီလိုအပ်လို့လာခဲ့တာလဲ လူလေး၊ ကျုပ်မှာတော့ လူလေးကိုပေးစရာ ပန်းသီးတွေမရှိတော့သလို သစ်ခက် သစ်ကိုင်းတွေနဲ့ ပင်စည်လဲ မရှိတော့ပါဘူးကွယ်၊ ကျုပ်မှာ အမြစ်တွေပဲရှိပါတော့တယ်၊ လူလေးလိုအပ်တယ်ဆိုရင် ကျုပ်ရဲ့အမြစ်တွေကို တူးယူသွားနိုင်ပါတယ်ကွယ်"

"ဦး...ဦးကြီးသစ်ပင်ရယ်၊ ကျွန်တော် ဦးကြီးသစ်ပင်ဆီက ဘာမှမတောင်းဆိုတော့ပါဘူး၊ ကျွန်တော်လဲ အိုမင်းနေပြီမို့ ဘာအလုပ်မှလဲ မလုပ်နိုင်တော့ပါဘူးဗျာ"

"ကျွန်တော့်ရဲ့ဇနီးကွယ်လွန်သွားပြီးတဲ့နောက်မှာ သားသမီးတွေကလဲ မြို့ကိုပြောင်းသွားကြတယ်။ ကျွန်တော့်ဆီကိုလဲ တစ်ခေါက်တစ်ကျင်းတောင် ပြန်မလာကြလို့ ကျွန်တော့်မှာ အထီးကျန်ဖြစ်နေရပါတယ်ဗျာ၊ အခုအချိန်မှာ ကျွန်တော့်အတွက်တော့ နားခိုလဲလျောင်းစရာ နွေးထွေးတဲ့ နေရာတစ်နေရာပဲ လိုအပ်ပါတယ် ဦးကြီးသစ်ပင်ရယ်"

"ကျွန်...ကျွန်တော့်ကို ဦးကြီးသစ်ပင်ရဲ့မြစ်ပျဉ်းတွေကြားမှာ လဲလျောင်းအနားယူခွင့်ပြုပါနော်"

"အို...လူလေးရယ် နားပါနားပါ၊ ကျုပ်ရဲ့မြစ်ပျဉ်းတွေကြားမှာ စိတ်ချလက်ချ လဲလျောင်းမှေးစက်ပါကွယ်၊ ကျုပ်ရဲ့ရင်ခွင်ဟာ လူလေးအတွက် မေတ္တာတရားတွေနဲ့နွေးထွေးပြီး အလုံခြုံဆုံးအပန်းဖြေစရာနေရာကောင်း ထာဝရဖြစ်ရပါစေမယ်ကွယ်"

လူအိုကြီးရဲ့ ပါးပြင်တွေပေါ်ကို နှောင်တမျက်ရည်တွေစီးကျရင်းက ပန်းသီးပင် သစ်ငုတ်တိုကြီးရဲ့ မြစ်ပျဉ်းတွေကြားမှာ ဖြည်းဖြည်းလေးလဲလျောင်းလိုက်လေတယ်။

ပန်းသီးပင် သစ်ငုတ်တိုကြီးကလဲ အမြစ်တွေနဲ့ သူ့ရဲ့လူလေးကို ကြင်ကြင်နာနာထွေးပွေ့ထားရင်း ကြည်ကြည်နူးနူးပြုံးလိုက်သတဲ့။ အဲဒီအပြုံးမှာတော့ မျက်ရည်စတွေနဲ့ပေါ့ကွယ်။

ကဲ...ကလေးတို့ရေ တကယ်တော့ ဒီပုံပြင်ထဲက ပန်းသီးပင်ကြီးဟာ ကလေးတို့ရဲ့မိဘတွေကို ကိုယ်စားပြုပါတယ်ကွယ်။

ကလေးတို့ရဲ့မိဘတွေဟာ ကလေးတို့ငယ်စဉ်အခါက သူတို့ရဲ့ကိုယ်ပေါ် တက်ခုန်ဆော့ကစားတဲ့အခါ စိတ်မဆိုးကြတဲ့အပြင် သဘောတွေကျပြီး ကျေနပ်ကြည်နူးနေတတ်ကြတယ်မဟုတ်လားကွဲ့။

ကလေးတို့ကြိုက်နှစ်သက်တဲ့ မုန့်တွေကိုဝယ်ကျွေးကြသလို ကစားစရာမျိုးစုံကအစ ကလေးတို့ လိုအပ်တာမှန်သမျှ မဖြစ်မနေရှာကြံပြီး ဖြည့်ဆည်းပေးကြစမြဲပဲလေ။

ကလေးတို့အရွယ်ရောက်ပြီးကြီးပြင်းလာကြပြီး မိဘတွေရဲ့ရင်ခွင်ကနေ ထွက်ခွာသွားကြတဲ့နောက်မှာလဲ အခက်အခဲရှိလို့ သားသမီးတွေက အကူအညီလာတောင်းကြတဲ့အခါတိုင်း တတ်နိုင်သမျှကူညီပေးတတ်ကြလေရဲ့။

သားသမီးတွေဟာ သူတို့အဆင်ပြေနေကြတဲ့အချိန်တွေမှာ မိဘတွေကိုမေ့နေတတ်ကြပြီး သူတို့အခက်အခဲကြုံမှ မိဘတွေဆီ အပြေးရောက်လာတတ်ကြပေမဲ့ မိဘတွေကတော့ သားသမီးတွေကို အပြစ်မယူတတ်ကြဘဲ နွေးထွေးတဲ့မေတ္တာတွေနဲ့ ကြိုဆိုတတ်ကြစမြဲပဲမဟုတ်ပါလား ကလေးတို့ရေ...။ ။

မြရတီ(ဒဿနိက)


The village's favourite, Maung Let Shay
Story: Toe Wai
Illustration: Aung Aung Htwe
Tr: BMK
Once upon a time, there was a couple, U Khet Phay and Daw Mat Ma Pyay, in Ngawonkyun Thar village. Their son was Maung Let Shay.


မောင်လက်ရှည်ရဲ့ လက်တွေဟာ မွေးကတည်းက ရှည်တယ်။ မတ်တတ်ရပ်နေရင်တောင် မြေကြီးနဲ့ လက်တွေထိနေတယ်။
Maung Let Shay's hands were long since he was born. When he stood, his hands touched the ground.


မောင်လက်ရှည်က လိမ္မာတဲ့ ကလေးတစ်ယောက် ဖြစ်တယ်။ သူက မိဘရဲ့ အလုပ်တွေကို ကူပြီးတော့ လုပ်ပေးတယ်။
Maung Let Shay was a clever child. He helped his parents' work.


သူတို့ရွာမှာ နွေရာသီဆိုရင် ရွာသားတွေက ထင်းခွေကြတယ်။
During the summer, the villagers gathered firewood.
အဖေ နားနားနေနေ နေပါ... ထင်းခွေဖို့ သားတာဝန်ပါ...
"Father, rest for a while. To gather firewood is my duty."



ထင်းခွေပြီး ပြန်လာတဲ့အခါမှာ မောင်လက်ရှည်က သူများတွေ ထက် ထင်းသုံးဆလောက်ပိုရတယ်။
After gathering firewood and coming back, Maung Let Shay got there more firewood than the other got.


တယ်ဟုတ်ပါလား ငါ့သား၊ ဒီအတိုင်းဆို ခဏလေးနဲ့ ထင်းစင်ပြည့်မှာ...
"It is good, my son. The shelf will be filled with firewood in this way."



တစ်နေ့တော့မောင်လက်ရှည်ဟာသူ့အပေါင်း တွေနဲ့ ကမ်းစပ်မှာ ရေချိုးနေတယ်။
One day, Maung Let Shay took a bath with his friends by the bank.





A woman was having her child shower.




At that time, as a ship was moving near the bank, the child was flowing along the current as he was thrown by the waves.




While all were stunned, Maung Let Shay went down into the water and grabbed the child with his long arms.


"Thank you, Maung Let Shay, you have saved my son's life."


One day, while he was herding the cattle, he fell asleep under the banyan tree at the entrance of the village.



At the time, he woke up because of the whispers coming from the other side of the banyan tree.


The robber leader said to his two followers,
"We will gather here at midnight. We will rob every house in the village. If they fought back, kill them."
Maung Let Shay ran quickly to the other side of the banyan tree and put his arms tightly around them.
The three robbers could not try to escape from the hands of Maung Let Shay and shouted.


"Come here! The robbers have been caught."
Because of the scream of Maung Let Shay, the villagers came quickly there.
"Surround them."
"We will surrender. We can't stand pain. Eee! Hee!"


မောင်လက်ရှည်ရဲ့အစွမ်းကြောင့် ဓားပြသုံးယောက်နဲ့ တခြားဂိုဏ်းသားတွေကိုပါ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တယ်။
Because of Maung Let Shay, the three robbers and other robbers could be caught.
တစ်ရွာလုံးကို ဒုက္ခပေးမဲ့ဓားပြတွေကို မောင်လက်ရှည်က ဖမ်းဆီးပေးလို့ တစ်ရွာလုံးက ကျေးဇူးတင်ကြတယ်။
As Maung Let Shay could catch the robbers who would trouble the village, the villagers thanked him.
မောင်လက်ရှည်ရဲ့မိဘတွေကလဲ သူတို့သားအတွက် ဂုဏ်ယူနေကြလေရဲ့...
Maung Let Shay's parents were proud of their son.
ပြီး

'သုတကမ္ဘာ'စစ်မှုရေးရာ၊ ကျန်းမာရေးနှင့် သုတအဖြာဖြာသတင်းဂျာနယ်ကို
စာဖတ်ပရိသတ်အတွက် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)တွင်
စတင်ထုတ်ဝေခဲ့ပြီး အပတ်စဉ်စနေနေ့တိုင်း ဖြန့်ချိလျက်ရှိပါသည်။




ဆက်သွယ်ရန်လိပ်စာ - မြဝတီစာပေတိုက်၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၄၅၂၂၆၀၅၃၆။

စာပေတိုက်ထုတ်

မဂ္ဂဇင်း၊ စာစောင်များ
လပေးမှာယူဖတ်ရှုနိုင်ပြီ





မြဝတီစာပေတိုက်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို စာအုပ်လက်ခံရရှိမှ
ငွေပေးချေစနစ်ဖြင့် မှာယူနိုင်ပါသည်။
မြန်မာတစ်နိုင်ငံလုံးအနှံ့ မည်သည့်မြို့နယ်မဆို စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါသည်။
မိမိတို့မှာယူလိုသည့်စာအုပ်များကို အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း
ဆက်သွယ်မှာယူနိုင်ပါသည်။
ဖြန့်ချိရေး - မြဝတီစာပေတိုက်၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)၊ ၀၉၄၂၁၀၆၇၄၁၀ (အွန်လိုင်းဖြန့်ချိရေး)။







## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and looting under the pretext of sayings "for the people".

2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.

3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.